ကြေးမုံ
The Mirror
၁၃၆၅ ခုနှစ်၊ ပြာသိုလဆန်း ၉ ရက်၊ ဗုဒ္ဓဟူးနေ့၊ (31-12-2003)(၄၁၀၁)

နိဗ္ဗာန သစ္ဆိကိရိယာ စ တော် မင်္ဂလ မုတ္တမံ။

နိဗ္ဗာန်ကို မျက်မှောက်ပြုရခြင်းသည် မြတ်သော မင်္ဂလာ မည်၏။

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဒီဇင်ဘာ ၂၉ရက်က မြစ်ကြီးနားမြို့ရှိ ဓမ္မရက္ခိတ ဝန်းသိုကျောင်းတိုက်၌ နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ ဒုတိယဥက္ကဋ္ဌဆရာတော်ကြီးနှင့် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

အမျိုးသား စွမ်းအားစုများ၏ စွမ်းပကားဖြင့် ကိုယ့်အားကိုယ်ကိုး ကြိုးပမ်းလျက်ရှိ

ပြည်ထောင်စု မြန်မာနိုင်ငံတော်သည် ရှေးနှစ်ပေါင်းထောင်နှင့်ချီ၍ ကိုယ်ပိုင်ယဉ်ကျေးမှုတို့ရှိနေပြီး ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှန်းဖြင့် လွတ်လပ်သော အချုပ်အခြာအာဏာပိုင် နိုင်ငံတော်အဖြစ် ရပ်တည်နိုင်ခဲ့သော နိုင်ငံဖြစ်ပေသည်။ ဤသို့ လွတ်လပ်ပြီး အချုပ်အခြာအာဏာပိုင် နိုင်ငံဖြစ်သည်နှင့်အညီ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်သည့် ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး ဖြစ်လာစေရန် ကိုယ်ပိုင်အမျိုးသားစွမ်းအားစုများ၏ စွမ်းပကားဖြင့် ကိုယ့်အား ကိုယ်ကိုး ကြိုးပမ်းလျက်ရှိသည်။ ထို့ကြောင့်လည်း နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး အတွက် လုပ်ငန်းကဏ္ဍတိုင်းတွင် ခြိုးခြံချွေတာရေး၊ အလေအလွင့်မရှိရေး၊ ကုန်ထုတ်လုပ်မှု တိုးတက်မြင့်မားရေး စသည့် လိုက်နာကျင့်သုံးရမည့် လုပ်ငန်း လမ်းညွှန်ချက်များကို ချမှတ်ပေးခဲ့ခြင်းဖြစ်သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ်
ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
(၅၅)နှစ်မြောက် လွတ်လပ်ရေးနေ့သဝဏ်လွှာမှ

နယ်စပ်အစွန်အဖျားရှိ ဖွံ့ဖြိုးမှုနောက်ကျနေသော ဒေသများသို့ နိုင်ငံတော် တာဝန်ရှိသူများကိုယ်တိုင် သွားရောက် ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသခံ တိုင်းရင်းသားများ လူနေမှုဘဝအဆင့်အတန်း တိုးတက်မြင့်မားရေးအတွက် မိဘက သားသမီးများအပေါ် ထားရှိသည့် စေတနာစိတ်ထား၊ မိသားစုစိတ်ဓာတ်ဖြင့် လိုအပ်သည်များ ဖြည့်ဆည်းပေးနေ

ရန်ကုန် ဒီဇင်ဘာ ၃၀

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ စစ်ဦးစီးအရာရှိချုပ်(ရေ)၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဒီဇင်ဘာ ၂၈ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာကြရာ ကချင်ပြည်နယ် မြစ်ကြီးနားလေဆိပ်သို့ နံနက် ၉နာရီ ၁၅မိနစ်တွင် ရောက်ရှိကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များအား ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ မြစ်ကြီးနား လေတပ်စခန်းဌာနချုပ်-ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ဘိုကြည်၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်စံထွန်းနှင့် စစ်ဘက်နယ်ဘက်မှ အရာရှိများ၊ ငြိမ်းချမ်းရေးအကျိုးဆောင်

စာမျက်နှာ ၆ ကော်လံ ၁ သို့ ❃

တွေ့ဆုံမှာကြား

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဒီဇင်ဘာ ၂၉ရက်က ကချင်ပြည်နယ် ပူတာအိုမြို့ ဖုန်ကန်ရာဇီခန်းမ၌ ပူတာအိုခရိုင်နှင့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ တိုင်းရင်းသားခေါင်းဆောင်များ၊ ရပ်မိရပ်ဖများအား တွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)

နိုင်ငံတော် ပွဲစည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၃၁–၁၂–၂၀၀၃
(ဗုဒ္ဓဟူးနေ့)

တည်ငြိမ်အေးချမ်းသာယာမှု ထိန်းသိမ်းမြှင့်တင် နယ်စပ်ဒေသများ ဖွံ့ဖြိုးရေး ဆက်လက်ကြိုးပမ်း

နိုင်ငံတစ်နိုင်ငံ၊ ဒေသတစ်ခု၏ ဖွံ့ဖြိုးတိုးတက်မှုသည် ထိုနိုင်ငံ၊ ထိုဒေသ၏ တည်ငြိမ်မှု၊ အေးချမ်းမှု၊သာယာမှုများဖြင့် ဆက်နွှယ်လျက်ရှိသည်။ နယ်မြေဒေသအားလုံး တည်ငြိမ်အေးချမ်းမှုရှိမှသာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက် ဆောက်ချလုပ်ကိုင်နိုင်ကြမည်ဖြစ်သည်။

ထို့ကြောင့်နိုင်ငံတော်အစိုးရက အမိပြည်ထောင်စုမြန်မာနိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးအဖြစ် အကောင်အထည်ဖော် တည်ဆောက်လျက်ရှိရာတွင် အမျိုးသားစည်းလုံးညီညွတ်ရေး၊ နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို ဦးစားပေးလုပ်ငန်းအဖြစ် ကြိုးပမ်းဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

နိုင်ငံတော်အစိုးရက ပြည်ထောင်စုကြီးတစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်စေရေး စီမံဆောင်ရွက်လျက်ရှိရာတွင် ပြည်တွင်းသောင်းကျန်းမှုဒဏ်ကြောင့် နှစ်ပေါင်း၄၀ကျော် ခေတ်နောက်ကျခဲ့ရသည့် နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်ပေးလျက်ရှိသည်။

ယခုအခါ နိုင်ငံတော်အစိုးရက တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို ကြိုးပမ်းတည်ဆောက်နိုင်ခဲ့သည့်အတွက် နယ်စပ်ဒေသများတွင်တည်ငြိမ်အေးချမ်းသာယာမှု၏ အကျိုးရလဒ်ကောင်းများ ရရှိဖြစ်ထွန်းနေပြီဖြစ်သည်။ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူနေမှုဘဝမြင့်မားရေးတို့ကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ပေးလျက်ရှိသည်။

နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ပြည်နယ်ခုနစ်ခု၊ တိုင်းနှစ်ခုတွင်ရှိသည့် မြို့နယ်၆၈ မြို့နယ်ပါဝင်သည့် ဒေသ ၁၈ ခုတို့တွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ ခန့်မှန်းခြေအားဖြင့် နယ်မြေဒေသဧရိယာစတုရန်းမိုင် ရှစ်သောင်းကျော်ကို လွှမ်းခြုံထားနိုင်ပြီဖြစ်ရာ ယင်းဒေသများအတွင်း နေထိုင်လျက်ရှိသည့် တိုင်းရင်းသားပြည်သူ ငါးသန်းကျော်တို့အတွက် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်လျက်ရှိကြောင်း သိရသည်။

နယ်စပ်ဒေသနေ တိုင်းရင်းသားလူမျိုးများ၏ လူနေမှုအဆင့်မြင့်မားလာစေရေးအတွက် အခြေခံအဆောက်အအုံများစွာကို ဘက်စုံ၊ ကဏ္ဍစုံတွင် ဖြန့်ကြက်ပြီး စနစ်တကျတည်ဆောက်ပေးလျက်ရှိသည်။ ယင်းသို့ စီးပွားရေး၊ လူမှုရေး လိုအပ်ချက်များကို ဖြည့်ဆည်းပေးခဲ့ရာ နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ စတင်အကောင်အထည်ဖော်ခဲ့သည့် ၁၉၈၉ ခုနှစ်မှ ၂၀၀၃ ခုနှစ်အထိ ကာလအတွင်း နယ်စပ်ဒေသများ ဖွံ့ဖြိုးရေးလုပ်ငန်းအရပ်ရပ်အတွက် နိုင်ငံတော်က ငွေကျပ်သန်းပေါင်း ၄၉၇၀၁ ဒသမ ၁၃ သန်း သုံးစွဲခဲ့ပြီးဖြစ်သည်။

ယခုအခါ တိုင်းရင်းသားခေါင်းဆောင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများက နိုင်ငံတော်၏ ဦးဆောင်မှုနှင့်အတူ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် တက်ညီလက်ညီ ပါဝင်ကြိုးပမ်းလျက်ရှိကြသည်။ နယ်မြေဒေသများ တည်ငြိမ်အေးချမ်းသာယာလျက်ရှိသည်။ နယ်စပ်ဒေသများတွင် မြို့ကြီးပြကြီးများပေါ်ထွန်းလာပြီး ဖွံ့ဖြိုးစည်ပင်လာလျက်ရှိသည်။

အထူးသဖြင့် ယခင်ခေတ်ကာလများစွာက စားဝတ်နေရေးအတွက် ဘိန်းစိုက်ပျိုးမှုအပေါ်မှီခိုလာခဲ့ရသည့် ဒေသခံ တောင်သူအများစုသည် ယနေ့အချိန်အခါတွင် ဘိန်းအစားထိုး အခြားသီးနှံများကို စိုက်ပျိုးလျက်ရှိကြသည်။ မွေးမြူရေးလုပ်ငန်းများကို တွဲဖက်လုပ်ကိုင်လျက်ရှိသည်။ အသစ်တည်ထောင်ပေါ်ထွန်းလာသော စက်ရုံ၊ အလုပ်ရုံများနှင့် ကုန်ထုတ်လုပ်ငန်းများ၊ စီးပွားရေးလုပ်ငန်းများတွင် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိနေကြပြီဖြစ်သည်။

ယင်းသို့ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် လူနေမှုအဆင့်မြင့်မားတိုးတက်ရေးလုပ်ငန်းများကို စိတ်ချလက်ချ အေးချမ်းစွာဆောင်ရွက်လာနိုင်ကြခြင်းမှာ တိုင်းရင်းသားညီအစ်ကိုများအကြား ငြိမ်းချမ်းရေးရယူတည်ဆောက်နိုင်ခဲ့သည့် အကျိုးရလဒ် ကောင်းများပင် ဖြစ်သည်။

သို့ဖြစ်ရာ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံးက မိမိတို့ တစ်ဦးနှင့်တစ်ဦးအကြား ဖြစ်တည်ပွားများလျက်ရှိသော စည်းလုံးညီညွတ်မှု၊ ချစ်ကြည်ရင်းနှီးမှုများကို အခြေခံ၍ ဖြစ်ထွန်းတည်ရှိနေသည့် တည်ငြိမ်အေးချမ်းသာယာမှုများကို ဆက်လက်ထိန်းသိမ်းမြှင့်တင်ရင်း နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် လက်တွဲကြိုးပမ်းဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အိမ်တော်ရာစေတီတော် ဗုဒ္ဓပူဇနီယပွဲတော် ဆွမ်းဆန်စိမ်းလောင်းလှူမည်

ရန်ကုန် ဒီဇင်ဘာ ၃၀

ရန်ကုန်တိုင်း ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ သမိုင်းဝင် မဟာစေ့မ္မရုံသီ အိမ်တော်ရာ စေတီတော်မြတ်ကြီး၏ (၁၅၅)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော် ဆွမ်းဆန်စိမ်း လောင်းလှူပွဲကို ၁၃၆၅ ခု ပြာသိုလပြည့်နေ့၊ ၂၀၀၄ ခုနှစ် ဇန်နဝါရီ၆ရက် (အင်္ဂါနေ့) ညနေ ၃နာရီတွင် စေတီတော်ရင်ပြင်တော်၌ ကျင်းပမည်ဖြစ်သည်။ ယင်းလောင်းလှူပွဲ အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဝင် ဆရာတော်ကြီးများ၊ ဩဝါဒါစရိယ ဆရာတော်ကြီးများ အပါအဝင်သံဃာတော်၆၂ပါးကြွရောက်တော်မူမည်ဖြစ်သဖြင့် အလှူရှင်များ တက်ရောက်လှူဒါန်းနိုင်ကြပြီး ဖုန်း–၃၇၉၈၄၁ သို့ မေးမြန်း နိုင်သည်။

(သတင်းစဉ်)

သီတဂူဓမ္မသဘင် တရားပွဲ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၃၀

ရန်ကုန်တိုင်း ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ သမိုင်းဝင် မဟာစေ့မ္မရုံသီ အိမ်တော်ရာ စေတီတော်မြတ်ကြီး၏ (၁၅၅)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော် အကြိုတရားပွဲအဖြစ် စစ်ကိုင်းတောင်ရိုး သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၏ အဓိပတိ ဆရာတော်အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဗဟုဇနဟိတဓရ သပိတ်အိုင်တောရသဲကုန်းဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ (D.Litt) သည် ၂၀၀၄ ခုနှစ် ဇန်နဝါရီ ၅ရက် (တနင်္လာနေ့)ညတွင် စေတီတော် ရင်ပြင်တော်ရှိ ရတနာ့ဗိမာန်တော်ကြီး၌ သီတဂူဓမ္မသဘင် တရားပွဲ ချီးမြှင့်မည်ဖြစ်သည်။

(သတင်းစဉ်)

၂၀၀၄ ခုနှစ် (၅၆)နှစ်မြောက်လွတ်လပ်ရေးနေ့ အမျိုးသားရေး ဦးတည်ချက်များ

☆ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံး အစဉ်အမြဲလက်တွဲ ပူးပေါင်းကာကွယ်စောင့်ရှောက်ရေး။
☆ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးအတွက် တိုင်းရင်းသားအားလုံး စုစည်းထိန်းသိမ်းကာကွယ်ရေး။
☆ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး တက်ညီလက်ညီ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး။
☆ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသားအားလုံးက ပြည်ထောင်စု စိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ် အပြည့်အဝဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

(၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ ပြပွဲ

နေ့ရက် – ၃–၁–၂၀၀၄ မှ ၁၁–၁–၂၀၀၄
အချိန် – နံနက် ၀၉း၀၀ နာရီမှ ညနေ ၁၇း၀၀ နာရီ
နေရာ – တပ်မတော်ခန်းမ၊ ဦးဝိစာရလမ်း၊ ရန်ကုန်မြို့

မည်သူမဆို အခမဲ့လာရောက် ကြည့်ရှုနိုင်ပါသည်။

ပညာရေးစုံညီပွဲတော်တွင် စာအုပ်အရောင်းဆိုင်များရောင်းချ

ရန်ကုန် ဒီဇင်ဘာ ၃၀

တက္ကသိုလ်များ စိန်ရတုခန်းမဆောင်၌ ဒီဇင်ဘာ၂၇ရက်မှ ၂၀၀၄ ခုနှစ် ဇန်နဝါရီ ၃ ရက်ထိ ကျင်းပလျက်ရှိသော ပညာရေးစုံညီပွဲတော်တွင် ပြန်ကြားရေးဝန်ကြီးဌာန၊ စာပေဗိမာန်၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းတို့မှ စာအုပ်အရောင်းဆိုင်တို့နှင့်အတူ ပုဂ္ဂလိက စာအုပ်ဆိုင်ပေါင်း ၂၃ ဆိုင်တို့က စာအုပ်မျိုးစုံကို နေ့စဉ်နံနက် ၈နာရီမှ ညနေ ၅ နာရီထိ ဖွင့်လှစ်ရောင်းချပေးလျက်ရှိရာ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ သာမက ပြင်ပမှ စာပေပညာရှင်များ၊ စာပေဝါသနာရှင်များ၊ စာပေမြတ်နိုးသူများပါ လာရောက်၍ ဝယ်ယူလျက်ရှိရာ အရောင်းဆိုင်များမှာ စည်ကားလျက်ရှိသည်။

စာအုပ်ဆိုင်များတွင် ရှားပါးစာအုပ်များ၊ ပညာရေးနှင့် သုတေသနဆိုင်ရာ စာအုပ်များ၊ အဘိဓာန်မျိုးစုံ၊ ဝတ္ထု၊ ဆောင်းပါး၊ ကဗျာဆိုင်ရာ အနုပညာ စာပေများနှင့် ကလေးလူငယ်များအတွက် ပုံပြင်၊ရုပ်ပြ စာအုပ်မျိုးစုံကို ရောင်းချပေးလျက်ရှိသည်။

စည်ကားလျက်ရှိ

ထို့ပြင် ပညာရေးဝန်ကြီးဌာန တက္ကသိုလ်၊ ကောလိပ်အသီးသီးနှင့် အခြေခံပညာ ဦးစီးဌာနမှ ပြခန်းများ၊ ကျောင်းသား၊ ကျောင်းသူများ၏ လက်ရာအရောင်းပြခန်းများဖြင့်လည်း စည်ကားလျက်ရှိသည်။

(သတင်းစဉ်)

ပညာရေးစာအုပ်ပွဲတော်

နေရာ။ ။ တက္ကသိုလ်စိန်ရတုသဘင်ခန်းမ(မြေညီထပ်) ပြည်လမ်း၊ ရန်ကုန်မြို့
အချိန်။ ။ နံနက် ၈း၀၀ နာရီမှ ညနေ ၅း၀၀ နာရီအထိ
နေ့ရက်။ ။ ၂၀၀၃၊ ဒီဇင်ဘာလ ၂၇ ရက်မှ ၂၀၀၄၊ ဇန်နဝါရီလ ၃ ရက်အထိ

(တက္ကသိုလ်ကြီးများ၏ စာအုပ်ပြခန်းများနှင့် အထူးနှုန်း စာအုပ်အရောင်းဆိုင်များ)

ဒါတွေကို သိဖို့လိုတယ်

✻ မြောက်တိုင်းလည်း မမြောက်နဲ့
✻ ခြောက်တိုင်းလည်း မကြောက်နဲ့
✻ ချော့တိုင်းလည်း မပျော့နဲ့

အီရတ်နိုင်ငံ ပြန်လည်တည်ဆောက်ရေးတွင် ကုလသမဂ္ဂအခန်းကဏ္ဍကို မြှင့်တင်ရန် လိုအပ်

အီရတ်နိုင်ငံ ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ကုလသမဂ္ဂ၏ အခန်းကဏ္ဍ ပိုမိုပါဝင်ရေးအချက်ကို အမေရိကန်ပြည်သူလူထု ၇၀ ရာခိုင်နှုန်းက ထောက်ခံကြသည်ဟု ပြည်သူ့သဘောထားစစ်တမ်းတွင် ဖော်ပြထားသည်။

အီရတ်နိုင်ငံ ပြည်လည်တည်ဆောက်ရေးတွင် ကုလသမဂ္ဂ တိုက်ရိုက်ပါဝင်ဆောင်ရွက်မှသာလျှင် ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံအားလုံးသည် ၎င်းတို့၏ အနာဂတ်ကို လွတ်လွတ်လပ်လပ်ဆုံးဖြတ်နိုင်ရန် အခွင့်အလမ်းပေးရာရောက်မည်ဟု ကမ္ဘာ့နိုင်ငံများမှ ခေါင်းဆောင်များက ဝေဖန်ပြောကြားခဲ့ကြသည်။

အီရတ်နိုင်ငံ ပြန်လည်တည်ဆောက်မှုတွင် ကုလသမဂ္ဂကတက်ကြွပြီး လက်တွေ့ကျသည့် အကူအညီများပေးခြင်းဖြင့် ကမ္ဘာ့နိုင်ငံများအလယ်တွင် ယင်းနိုင်ငံ၏ ရပ်တည်ချက်ခိုင်မာတိုးတက်လာမည်ဟု ကမ္ဘာ့ခေါင်းဆောင်များက ထောက်ပြ ပြောဆိုခဲ့ကြသည်။

အီရတ် အကျပ်အတည်းကို ဖြေရှင်းမည့် နည်းလမ်းများနှင့်ပတ်သက်၍ သဘောကွဲလွဲမှုများရှိကြသော်လည်း အဆုံးသတ် ကောက်ချက်ချမည်ဆိုပါက ကုလသမဂ္ဂအခန်းကဏ္ဍကို မြှင့်တင်ရန်ပင်ဖြစ်ကြောင်း သုံးသပ်ချက် ပေါ်ထွက်ခဲ့သည်။

အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်တွင် ဒီဇင်ဘာ ၂၈ ရက်က ဗုံးပေါက်ကွဲမှု ဖြစ်ပွားခဲ့ပြီးနောက် ရှာဖွေမှုများ ပြုလုပ်နေသည့် အမေရိကန်ကြည်းတပ်မှ အပါချီ စစ်ရဟတ်ယာဉ်တစ်စင်းနှင့် ဟမ်းဘီး စစ်ယာဉ်တစ်စီးတို့ကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ပျက်စီး

ဆမ်မာရာမြို့တွင် ဒီဇင်ဘာ ၂၈ ရက်က အမေရိကန် တင့်ကားတစ်စီး၏ ပစ်ခတ်မှုကြောင့် ပျက်စီးခဲ့ရသော ကားတစ်စီးကို အီရတ်ကလေးငယ်များက ဝိုင်းအုံကြည့်ရှုနေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်မြင်ကွင်း

စစ်အခြေစိုက်စခန်းမှ ကင်းလှည့်ရန် ထွက်ခွာလာသော အမေရိကန် တပ်ဖွဲ့ဝင်များကို တီကရစ်မြို့ အနီးတစ်ဝိုက်တွင် တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဒီဇင်ဘာ ၂၇ ရက်က ကာဘာလာမြို့တွင် ဖြစ်ပွားသည့် တိုက်ခိုက်မှုများအတွင်း ဒဏ်ရာရရှိခဲ့ရသော အသက်တစ်နှစ်အရွယ်ရှိ ကလေးငယ်တစ်ဦးကို ၎င်း၏ဖခင်ဖြစ်သူနှင့်အတူ ယင်းမြို့ရှိဆေးရုံ၌ တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဒီဇင်ဘာ ၂၇ရက်က ကာဘာလာမြို့တွင် အမေရိကန်၏ အပေါင်းပါ တပ်ဖွဲ့ဝင်များအား ပစ်မှတ်ထားသည့် တိုက်ခိုက်မှုအပြီး ဘူဂေးရီးယား စစ်စခန်း၏အပျက်အစီး မြင်ကွင်းကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဒဗလျူအမ်ဒီပြဿနာ အများအယွင်းပြုမိသည်ဟု တိုနီဘလဲ ဝန်ခံသင့် ဗြိတိသျှနိုင်ငံခြားရေးဝန်ကြီးဟောင်း ရော်ဘင်ကွတ်ခ်ဝေဖန်

လန်ဒန် ဒီဇင်ဘာ ၂၉

အီရတ်နိုင်ငံ၏ အစုအပြုံလိုက် ဖျက်ဆီးနိုင်သောလက်နက်များ (ဒဗလျူအမ်ဒီ) ပြဿနာနှင့်ပတ်သက်၍ ဗြိတိသျှဝန်ကြီးချုပ် တိုနီဘလဲအနေဖြင့် အများအယွင်းပြုမိသည်ဟု ၎င်းကိုယ်တိုင် ဝန်ခံပြောဆိုသင့်ကြောင်း ဗြိတိသျှနိုင်ငံခြားရေးဝန်ကြီးဟောင်း ရော်ဘင်ကွတ်ခ်က ဝေဖန်ပြောဆိုလိုက်သည်။

ဖိအားပေး

ဆက်ဒမ်ဟူစိန်အစိုးရအဖွဲ့သည် အစုအပြုံလိုက် ဖျက်ဆီးနိုင်သော လက်နက်များရရှိရန် ကြိုးပမ်းခဲ့သည့် အထောက်အထားများကို ရရှိခဲ့သည်ဟု တိုနီဘလဲ၏ ပြောဆိုချက်နှင့်ပတ်သက်၍ အီရတ်ဆိုင်ရာ အမေရိကန်အုပ်ချုပ်ရေးမှူး ပေါလ်ဘရီမာက ငြင်းဆိုပြောဆိုခဲ့ပြီးနောက် ဗြိတိသျှဝန်ကြီးချုပ်မှာ ဖိအားပေးမှုအသစ်များနှင့် ရင်ဆိုင်နေရသည်။

သိက္ခာမဲ့ပြောဆို

ဆက်ဒမ်ဟူစိန်သည် အစုအပြုံလိုက် ဖျက်ဆီးနိုင်သည့် လက်နက်များဖြင့် ခြိမ်းခြောက်သည်ဟုဆိုခြင်းမှာ စိတ်ကူးယဉ်ပြောဆိုခြင်းသာဖြစ်ပြီး အမှန်တကယ် ခြိမ်းခြောက်နိုင်ခြင်းမရှိဟု လူတိုင်းကပင် သိရှိကြကြောင်း၊ ဆက်ဒမ်ဟူစိန်သည် အစုအပြုံလိုက် ဖျက်ဆီးနိုင်သော လက်နက်များဖြင့် ခြိမ်းခြောက်နေသည်ဟု ပြည်သူလူထု ယုံကြည်လက်ခံလာအောင် ဝန်ကြီးချုပ် တိုနီဘလဲက ပုံကြီးချဲ့ပြောဆိုခြင်းသည် သိက္ခာမဲ့ပြောဆိုချက်ဖြစ်ကြောင်း ကွတ်ခ်ကပြောကြားသည်။

အီရတ်နိုင်ငံတွင် အစုအပြုံလိုက် ဖျက်ဆီးနိုင်သော လက်နက်များကို ရှာဖွေတွေ့ရှိရသည်ဖြစ်စေ၊ မတွေ့ရသည်ဖြစ်စေ မည်သို့မျှ ထူးခြားမည်မဟုတ်ဆိုသော အချက်နှင့်ပတ်သက်၍ တိုနီဘလဲက စာဒကတက် ပြောဆိုခြင်းမရှိသေးကြောင်း ကွတ်ခ်က တနင်္လာနေ့တွင်ထုတ်ဝေသည့် အင်ဒီပင်းဒင့်သတင်းစာ၏ လူတွေ့မေးမြန်းခန်းတစ်ရပ်တွင် ဖော်ပြသည်။

အင်တာနက်။

စောင့်ကြပ်

ဒီဇင်ဘာ ၂၇ရက်က အီရတ်နိုင်ငံ ကာဘာလာမြို့တွင် ဗုံးပေါက်ကွဲမှု ဖြစ်ပွားခဲ့ပြီးနောက် အမေရိကန် အထူးတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်တစ်ဦးက စောင့်ကြပ်နေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး ဘဂ္ဂဒက်မြို့တွင် ကားမှောက်သေဆုံး

ဆန်ဟိုဆေး ဒီဇင်ဘာ ၂၉

ဆန်ဖရန်စစ္စကိုဘေးမှ အသက် ၁၈ နှစ်ရှိ အမေရိကန်ကြည်းတပ် တပ်ဖွဲ့ဝင် မိုက်ကယ်ဂျီမီဟာလာကစ်သည် ဘဂ္ဂဒက်မြို့တွင် မော်တော်ကားမှောက် သေဆုံးသွားကြောင်း အမေရိကန် ကာကွယ်ရေးဌာနက တနင်္ဂနွေနေ့တွင် ကြေညာသည်။

ဘဂ္ဂဒက်လေဆိပ်တွင် ၎င်းစီးနင်းသည့်ဟမ်းဗီးမော်တော်ကား သောကြာနေ့က မှောက်ပြီး သေဆုံးသွားခြင်းဖြစ်သည်။

အမေရိကန်နိုင်ငံသို့ ပြန်ရန် ရက်သတ္တနှစ်ပတ်အလိုတွင် ယင်းသို့ မတော်တဆ ကားမှောက် သေဆုံးခြင်းဖြစ်သည်ဟု သတင်းရရှိသည်။

အင်တာနက်။

အီရတ်တွင် ခုခံတိုက်ခိုက်မှုများ ရှိနေဆဲ ဗုံးခွဲတိုက်ခိုက်မှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံး

ဘဂ္ဂဒက် ဒီဇင်ဘာ ၂၈

ဘဂ္ဂဒက်မြို့ရှိ လူစည်ကားရာ ဈေးရပ်ကွက်တွင် တနင်္ဂနွေနေ့က ပြောက်ကျားများက ဗုံးတစ်လုံးဖောက်ခွဲခဲ့ရာ အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးသွားပြီး အီရတ်ကလေးနှစ်ဦးလည်း အသက်ဆုံးရှုံးသွားသည်။ မြို့တော်၏ အနောက်ဘက်၌ အမေရိကန်စစ်ယာဉ်တန်းကို သီးခြားတိုက်ခိုက်မှုတစ်ခု ဖြစ်ပွားခဲ့ရာ၌လည်း အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး ထပ်မံ သေဆုံးခဲ့ရသည်ဟုဆိုသည်။

အပြင်းထန်ဆုံး

ယခုတိုက်ခိုက်မှုများ မဖြစ်ပွားမီ တစ်ရက်က ကာဘာလာမြို့တွင် ပြောက်ကျားများက ချိန်ကိုက်တိုက်ခိုက်သည့် ထိုးနှက်မှုများကို ပြုလုပ်ခဲ့သည်။ ထိုချိန်ကိုက် ထိုးနှက်မှုများသည် ခေါင်းဆောင်ဟောင်း ဆက်ဒမ်ကို ဖမ်းမိပြီးနောက်ပိုင်း နိုင်ငံခြားသားများအပေါ် အပြင်းထန်ဆုံး တိုက်ခိုက်သည့် တိုက်ခိုက်မှုပင် ဖြစ်သည်ဟု ဆိုသည်။

ထိုတိုက်ခိုက်မှုများကြောင့် လူ၁၉ဦး သေဆုံးခဲ့ရသည်။ သေဆုံးကြသူများထဲတွင် ဘူဂေးရီးယား တပ်ဖွဲ့ဝင် ငါးဦး၊ အခြားတပ်ဖွဲ့ဝင်နှစ်ဦးနှင့် အီရတ်လူမျိုး၁၂ဦးတို့ ပါဝင်ကြောင်း သိရသည်။

ပစ်မှတ်ထား

ဘဂ္ဂဒက်တွင် ဖြစ်ပွားသော တိုက်ခိုက်မှုမှာ ကာရာဒါဈေးလမ်းအတွင်း ဖြတ်သွားသော အမေရိကန်စစ်ကားများကို ပစ်မှတ်ထား တိုက်ခိုက်ခြင်း ဖြစ်သည်ဟုဆိုသည်။ ထိုအဖြစ်အပျက်ကြောင့် အမေရိကန်တပ်ဖွဲ့ဝင် ငါးဦး၊ အမေရိကန်တို့ ဖွဲ့စည်းပေးထားသော အီရတ်အရပ်ဘက်ကာကွယ်ရေးအဖွဲ့ဝင် ရှစ်ဦးနှင့် အီရတ်စကားပြန်တစ်ဦးတို့ ဒဏ်ရာရရှိသွားကြသည်ဟု ဆိုသည်။

ဈေးအတွင်း၌ အမေရိကန် စစ်ယာဉ်တန်းဖြတ်သွားစဉ် ဗုံးပေါက်ကွဲသွားသည့်အတွက် အနီးအနားတွင် ရပ်နေသော အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးနှင့် အီရတ်ကလေးနှစ်ဦးတို့ သေဆုံးသွားကြသည်ဟု စစ်ဘက်ပြောရေးဆိုခွင့်ရှိသူ ဗိုလ်ကြီးဂျာဆင်ဘိခ်က ပြောကြားသည်။ သေဆုံးခဲ့ရသော အမေရိကန်တပ်ဖွဲ့ဝင်မှာ အမှတ်(၂) သံချပ်ကာတပ်မှဖြစ်သည်။ လောလောအခြေအနေတွင် ဒဏ်ရာရရှိသွားသူများ၏ အခြေအနေကို မသိရသေးပေ။ ဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့သောအချိန်မှာ ဈေးလမ်းအတွင်း လူစည်ကားချိန် ၁၀:၁၅ နာရီခန့်တွင်ဖြစ်သည်ဟု ဘိခ်က ဆက်လက်ပြောကြားသွားသည်။

ဖော်လူဂျာ

အနောက်မြောက်ဘက် အရပ်ရှိ ဖော်လူဂျာမြို့တွင် အမေရိကန်စစ်ယာဉ်တန်းကို ဗုံးခွဲ တိုက်ခိုက်ခံခဲ့ရသဖြင့် အမေရိကန်အမှတ်(၈၂) လေကြောင်းချီတပ်မမှ တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးသွားပြီး သုံးဦးဒဏ်ရာရရှိသွားကြောင်း စစ်ဘက်သတင်းများကဆိုသည်။

၂၁၂ ဦးရှိ

ယခု အဖြစ်အပျက်များကြောင့် သေဆုံးရသူများကိုပါ ထည့်သွင်းရေတွက်လျှင် မေ ၁ ရက် နောက်ပိုင်းတွင် တိုက်ပွဲများကြောင့် သေဆုံးရသော အမေရိကန်စစ်သည် စုစုပေါင်းမှာ ၂၁၂ ဦး ရှိသွားပြီဖြစ်သည်။

အီရတ်လက်နက်များကိစ္စ မဟုတ်မှန်ဝါဒဖြန့်ရန် ဗြိတိန်ထောက်လှမ်းရေး ကြိုးပမ်းမှုဝန်ခံ

လန်ဒန် ဒီဇင်ဘာ ၂၉

ဆက်ဒမ်ဟူစိန်၏ လူအစုအပြုံလိုက်သေစေနိုင်သည့် လက်နက်များအကြောင်းကို မီဒီယာများတွင် ဖော်ပြနိုင်ရေးအတွက် ဗြိတိန်စစ်ထောက်လှမ်းရေး အမ်အိုင် ၆ က မတ်စ်အပီး စစ်ဆင်ရေးကို ဖွဲ့စည်းလှုပ်ရှားခဲ့ကြောင်း ဗြိတိန် အစိုးရက ရက်သတ္တပတ်ကုန်တွင် အတည်ပြုလိုက်သည်။

ကသိကအောက်ဖြစ်

ဤသို့ ဖွင့်ချလိုက်ခြင်းက ဒေးဗစ်ကယ်လီသေဆုံးစေသည့် အခြေအနေများကို လော့ဒ်ဟတ်တန်ကတင်ပြသည့် အစီရင်ခံစာမထုတ်ပြန်မီ အကြိုကာလအတွင်း ဝန်ကြီးချုပ် တိုနီဘလဲအား ကသိကအောက်ဖြစ်သည်ဆိုသည်။

ဆက်ဒမ်ဟူစိန်၏ ဓာတ်ငွေ့လက်နက်နှင့် အခြားသော လက်နက်များ ထုတ်လုပ်မှု သတင်းများဖြန့်ချိရန် ဗြိတိန်ထောက်လှမ်းရေးအဖွဲ့က ၁၉၉၀ ပြည့်လွန်နှစ်များ နောက်ပိုင်းတွင် အဓိကလှုံ့ဆော်ခဲ့ကြောင်း ထိပ်တန်းအရာရှိတစ်ဦးက ဝန်ခံသည်။

ထိုဝါဒဖြန့်ချိရေးတွင် ကူညီရန် ဗြိတိန်ထောက်လှမ်းရေးအဖွဲ့က ၎င်းအား ၁၉၉၇ ခုနှစ်တွင် စည်းရုံးသိမ်းသွင်းကြောင်း အမေရိကန်မရိန်းတပ်သားဟောင်း စကော့ရစ်တာက ကြေညာပြီးနောက် ဗြိတိန်ထိပ်တန်း ထောက်လှမ်းရေးအရာရှိက ဝန်ခံခြင်းဖြစ်သည်။

အင်တာနက်။



အီရတ်နိုင်ငံ မြို့တော် ဘဂ္ဂဒက်တွင် ဒီဇင်ဘာ ၃၀ ရက်က အမေရိကန် စစ်ဘက်ဆိုင်ရာ ယာဉ်တန်းကို ပစ်မှတ်ထားသည့် လမ်းဘေး ဗုံးဖောက်ခွဲမှုတစ်ရပ် ဖြစ်ပွားရာနေရာတွင် စောင့်ကြပ်နေသည့် အမေရိကန်တပ်ဖွဲ့ဝင်များအား တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကူမင်း-ဗန်ကောက် အဝေးပြေးလမ်းမကြီး ဖွင့်လှစ်

ကူမင်း ဒီဇင်ဘာ ၃၀

ထိုင်းနိုင်ငံဗန်ကောက်မြို့နှင့် တရုတ်ပြည်အနောက်တောင်ပိုင်း ကူမင်းမြို့တို့ကို ဆက်သွယ်ထားသည့် အဝေးပြေးလမ်း၏ တရုတ်ပြည်၏ အပိုင်းကို ယာဉ်များသွားလာရန် တနင်္ဂနွေနေ့က ဖွင့်လှစ်လိုက်သည်။

ကူမင်း-ဗန်ကောက်အဝေးပြေးလမ်းသည် အာရှအဝေးပြေးလမ်းမကြီး ကွန်ရက်၏အရေးပါသည့် အစိတ်အပိုင်းဖြစ်သည်။ ကီလိုမီတာ ၁၈၅၀ ရှည်လျားသည့် ကူမင်း-ဗန်ကောက်အဝေးပြေးလမ်းမသည် တရုတ်ပြည် ယူနန်ပြည်နယ်မြို့တော် ကူမင်းမှစတင်ပြီး လာအိုကိုဖြတ်ကာ ထိုင်းနိုင်ငံ ဗန်ကောက်မြို့အထိ ဖောက်လုပ်ထားသည်။

အဝေးပြေးလမ်းမကြီး၏ တရုတ်ပြည်အပိုင်းသည် ကူမင်းမြို့မှစတင်ပြီး တရုတ်နှင့်လာအိုနယ်စပ်မြို့မှ မိုဟန်မြို့အထိ ဆက်သွယ်ထားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်ဆိုင်ရာအသုံးစရိတ် ဒေါ်လာ ၈၇ ဘီလျံ တောင်းမှု ဒီမိုကရက်တစ်သမ္မတလောင်း ဂျွန်အက်ဒွပ် ကန့်ကွက်

ဝါရှင်တန် ဒီဇင်ဘာ ၂၈

အီရတ်ရောက် အမေရိကန်တပ်ဖွဲ့ဝင်များအတွက် နောက်ထပ် ဒေါ်လာ ၈၇ ဘီလျံပေးရန် သမ္မတဘုရှ်၏ မေတ္တာရပ်ခံချက်ကို မိမိက ကန့်ကွက်မဲပေးကြောင်း၊ အီရတ် ပြန်လည်တည်ဆောက်ရေးမှာ ပြယုဂ်သက်သက်မဟုတ်ကြောင်းဖြင့် အမေရိကန်အထက်လွှတ်တော်အမတ် ဂျွန်အက်ဒွပ်က တနင်္ဂနွေနေ့တွင် ပြောကြားသည်။

ယင်းသို့ ကန့်ကွက်မဲပေးခြင်းမှာ သမ္မတဘုရှ်အစိုးရ၏ အီရတ်သို့ တစ်ကိုယ်တော်သွားရောက်ရေးမူဝါဒမှာ အလုပ်မဖြစ်ဘဲ ပြောင်းလဲပစ်ရန်လိုအပ်ကြောင်းကို ပြသလို၍ဖြစ်ကြောင်း ဒီမိုကရက်တစ်သမ္မတလောင်းတစ်ဦးအဖြစ် ယှဉ်ပြိုင်မည့် ဂျွန်အက်ဒွပ်က ဖောက်နယူးစ်ဆန်းဒေးသို့ ပြောကြားလိုက်သည်။

မူဝါဒပြောင်းလဲရန်

အီရတ်ဆိုင်ရာ အမေရိကန်အစိုးရ၏ မူဝါဒပြောင်းလဲပစ်ရန် လိုအပ်သည်ဟု မိမိယူဆသည့်အတိုင်း ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ထို့ပြင် ယခုလည်း အမေရိကန်အစိုးရ၏ မူဝါဒပြောင်းပစ်ရန် လိုနေသေးကြောင်းဖြင့် ၎င်းက ပြောဆိုသည်။

မြောက်ကာရိုလိုင်းနားပြည်နယ် အထက်လွှတ်တော်အမတ် ဂျွန်အက်ဒွပ်ကဲ့သို့ပင် အခြားသော ဒီမိုကရက်သမ္မတလောင်းများဖြစ်ကြသည့် မက်ဆာချူးဆက်ပြည်နယ်မှ အထက်လွှတ်တော်အမတ် ဂျွန်ကမ်ရီနှင့် အိုဟိုင်းယိုးပြည်နယ်မှ အောက်လွှတ်တော်အမတ် ဒင်းနစ်ကူဆီနစ်တို့ကလည်း သမ္မတဘုရှ်၏ အသုံးစရိတ်မေတ္တာရပ်ခံချက်ကို ကန့်ကွက်မဲပေးကြသည်။ ***အင်တာနက်။***

ဘူဂေးရီးယား တပ်ဖွဲ့ဝင်တစ်ဦး အီရတ်တွင် ထပ်မံသေဆုံးပြန်

ဆိုဖီယာ ဒီဇင်ဘာ ၂၉

အီရတ်နိုင်ငံတွင် ဘူဂေးရီးယား တပ်ရင်းမှ နောက်ထပ် တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးသွားကြောင်း ဘူဂေးရီးယား ဒုတိယကာကွယ်ရေးဝန်ကြီး အီလ်ကိုဒီမီထရောက ကြေညာသည်။

သေဆုံးသူမှာ ဗိုလ်နီကိုလေအင်ဂိုလော့ဆာရက်ဖြစ်သည်ဟု သိရသည်။

စနေနေ့ကလည်း အီရတ်မြို့တော်တွင် ခုခံတွန်းလှန်ရေးသမားများက သုံးလေးကြိမ် တိုက်ခိုက်သည့်အနက် နှစ်ကြိမ်မှာ ဘူဂေးရီးယား တပ်စခန်းများကိုတိုက်ခိုက်ခြင်းဖြစ်သည်။ ဘူဂေးရီးယားတပ်ဖွဲ့ဝင်လေးဦး သေဆုံးသွားသည်။ ဗုံးခွဲတိုက်ခိုက်သူများသည် မြူနီစီပါယ် အဆောက်အအုံကိုလည်း ပစ်မှတ်အဖြစ် တိုက်ခိုက်သည်။

ကာဘာလာမြို့ရှိ အမေရိကန်ဦးဆောင်သည့်တပ်များမှ တပ်ဖွဲ့ဝင် ဒါဇင်ပေါင်းများစွာ ဒဏ်ရာရရှိသည့်အနက် ၂၇ ဦးမှာ ဘူဂေးရီးယား တပ်ဖွဲ့ဝင်များဖြစ်သည်။

တနင်္ဂနွေနေ့တွင် ဒဏ်ရာရ ဘူဂေးရီးယားတပ်ဖွဲ့ဝင် ခုနစ်ဦးတို့၏ အခြေအနေမှာ ဆိုးရွားလာသည်ဟု သိရသည်။ ***အင်တာနက်။***

တိုက်ခိုက်ခံရ

ကာဘာ လာမြို့ရှိ အမေရိကန် အပေါင်းပါ စစ်အခြေစိုက်စခန်းနှစ်ခုနှင့် အုပ်ချုပ်ရေးမှူးရုံးတို့ ဒီဇင်ဘာ ၂၇ ရက်က တိုက်ခိုက်ခံခဲ့ရပြီးနောက် ပျက်စီးသွားသော စစ်စခန်းတစ်ခုရှေ့တွင် ဘူဂေး ရီးယား တပ်ဖွဲ့ဝင်တစ်ဦးကို တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

အီရတ်တွင် အမေရိကန်တပ်ဖွဲ့ဝင် သေဆုံးမှု လေးလတာကာလအတွင်း နှစ်ဆကျော် မြင့်တက်

ဝါရှင်တန် ဒီဇင်ဘာ ၂၉

အီရတ်နိုင်ငံတွင် ထိခိုက်သေဆုံးရသည့် အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ လွန်ခဲ့သည့် လေးလတာကာလအတွင်း ယခင် ရှစ်လကထက် နှစ်ဆကျော် ပိုမိုများပြားလာကြောင်း အမေရိကန်ကာကွယ်ရေးဌာနက ထုတ်ပြန်သည့် အစီရင်ခံစာအရ သိရသည်။

စက်တင်ဘာ ၁ ရက်မှ ဒီဇင်ဘာ ၂၆ ရက်ထိ အမေရိကန်တပ်ဖွဲ့ဝင် ၁၄၅ ဦး အီရတ်နိုင်ငံတွင် စစ်ရေးတာဝန်ထမ်းဆောင်စဉ် သေဆုံးခဲ့သည်။ မေ ၁ ရက်မှ ဩဂုတ် ၃၀ ရက်ထိ ကာလအတွင်းကမူ အလားတူ သေဆုံးသူဦးရေမှာ ၆၅ ဦးသာ ရှိခဲ့ကြောင်း အမေရိကန် ကာကွယ်ရေးဌာန အစီရင်ခံစာကို ကိုးကားလျက် ဝါရှင်တန်ပို့စ်သတင်းစာက ရေးသားဖော်ပြသည်။

တိုးမြင့်လာ

အီရတ်နိုင်ငံတွင် စစ်ရေးတာဝန်ထမ်းဆောင်စဉ် ဒဏ်ရာရရှိသူ အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာလည်း နှစ်ဆကျော်တိုးမြင့်လာခဲ့ကြောင်း ပင်တဂွန်တာဝန်ရှိသူများက ဝါရှင်တန်ပို့စ်သတင်းစာသို့ ပြောကြားသည်။

ပိုမိုစနစ်ကျ

အမေရိကန် တပ်ဖွဲ့ဝင်များ၏ ထိခိုက်သေဆုံးရမှု တိုးမြင့်လာခြင်းသည် အီရတ်နိုင်ငံတွင် ခုခံတွန်းလှန်ရေးသမားများက တိုက်ခိုက်မှု ပိုမိုစနစ်ကျလာမှုကို ဖော်ပြနေကြောင်း ဝါရှင်တန် အခြေစိုက် မဟာဗျူဟာလေ့လာရေးဌာနတစ်ခုဖြစ်သော မဟာဗျူဟာနှင့် ဘတ်ဂျက် သုံးသပ်လေ့လာရေးဌာန ညွှန်ကြားရေးမှူး အငြိမ်းစား ဒုတိယဗိုလ်မှူးကြီး အင်ဒရူးကရီပင်နီဗစ်က ပြောကြားသည်။ ***အင်တာနက်။***

လက်နက်ထုတ်လုပ်နိုင်သည့် ဓာတ်ခွဲခန်းများ ရှာဖွေတွေ့ရှိဆိုမှု ပေါလ်ဘရီမာ၏ ပြောဆိုမှု ဘလဲ၏ပြောဆိုမှုနှင့်ဆန့်ကျင်

လန်ဒန် ဒီဇင်ဘာ ၂၉

လက်နက်စစ်ဆေးရေးမှူးများသည် ဝိတ်ပင်တားမြစ်ထားသည့် လက်နက်များ ထုတ်လုပ်ရာတွင် အသုံးပြုနိုင်သည့် ဓာတ်ခွဲခန်းများကို တွေ့ရှိခဲ့သည်ဆိုသည့်သတင်းမှာ မဟုတ်မှန်ကြောင်း အီရတ်နိုင်ငံမှ အမေရိကန်တို့ ခန့်အပ်ခဲ့သည့် အရပ်ဘက်အုပ်ချုပ်ရေးမှူး ပေါလ်ဘရီမာက တနင်္ဂနွေနေ့တွင် ပြောကြားလိုက်ရာ ဗြိတိန်ဝန်ကြီးချုပ် တိုနီဘလဲ၏ ပြောဆိုချက်နှင့် ဖီလာဆန့်ကျင်နေသည်။

အီရတ် လေ့လာဆန်းစစ်ရေး အုပ်စုသည် လျှို့ဝှက်ဓာတ်ခွဲခန်းများကို တွေ့ရှိခဲ့ရကြောင်း ဗြိတိန်ဝန်ကြီးချုပ် တိုနီဘလဲက ဗြိတိသျှစစ်တပ် အသံလွှင့်ဌာနသို့ ပြောကြားခဲ့သည်။

ရည်ရွယ်ပြောကြား

ယခုနှစ်စောစောပိုင်းတွင် လက်နက်စစ်ဆေးရေးအုပ်စု၏ ယာယီအစီရင်ခံစာတွင် ဖော်ပြထားသည့် အချက်အလက်များကို ဘလဲက ရည်ရွယ်ပြောကြားခြင်းဖြစ်ကြောင်း ဗြိတိန်ဝန်ကြီးချုပ်ကို ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

ဆက်ဒမ်ဟူစိန်အား ယခုလစောစောပိုင်းက ဖမ်းဆီးမိခဲ့သော်လည်း အီရတ်နိုင်ငံမှ ဓာတုနှင့် ဇီဝလက်နက်များရှိမှုသည် အရေးပါသည့် ကိစ္စဖြစ်သည်။ ***အမ်အင်အေ၊ ရိုက်တာ။***

တရုတ်ပြည်၌ ဆားစ်ရောဂါ ထပ်မံဖြစ်ပွားလိမ့်မည်ဟု မမျှော်လင့်

ဘာလင် ဒီဇင်ဘာ ၂၉

တရုတ်ပြည်တွင် ကူးစက်မြန်ပြင်းထန် အဆုတ်ရောင်ရောဂါ (ဆားစ်) ထပ်မံဖြစ်ပွားလိမ့်မည်ဟု မျှော်လင့်မထားကြောင်း ဂျာမန်ကျွမ်းကျင်သူများက ပြောကြားကြောင်း တရုတ်ပြည်မှ သတင်းစာရှင်းလင်းပွဲတွင် တနင်္လာနေ့က ပြောကြားသည်။

အထူးအဆန်းမဟုတ်

ဆားစ်ရောဂါ ကူးစက်ဖြစ်ပွားပြီးနောက် လူတစ်ဦးချင်းစီ၌ ဆားစ်ရောဂါ ပြန်လည်ဖြစ်မှုသည် အထူးအဆန်းမဟုတ်ဟု ဟမ်းဘတ်မြို့ အခြေစိုက် ဘားနတ်နို့ချ်သိပ္ပံမှ ကျွမ်းကျင်သူများက ပြောကြောင်း အဆိုပါသတင်းစာက ကိုးကားဖော်ပြသည်။ ထို့ကြောင့် တရုတ်ပြည်သို့ သွားရောက်ရန် စီစဉ်ထားမှုကို ဖျက်သိမ်းရန် အကြောင်းမရှိကြောင်း အဆိုပါသိပ္ပံမှ ကျွမ်းကျင်သူများက ပြောကြားသည်။ ယင်းသိပ္ပံသည် အပူပိုင်းရောဂါများကို သုတေသနပြုရာ၌ အထူးကျွမ်းကျင်သည်။

အတည်ပြု

တရုတ်ပြည်တွင် ဆားစ်ရောဂါကို ကိုင်တွယ်ဖြေရှင်းခဲ့ပြီးနောက် ခြောက်လအကြာတွင် တရုတ်ပြည်တောင်ပိုင်း ကွမ်တုန်ပြည်နယ်၌ ဆားစ်ရောဂါရှင်တစ်ဦးဟု သင်္ကာမကင်းသူ ၃၂ နှစ်အရွယ် အမျိုးသားတစ်ဦးကို စစ်ဆေးတွေ့ရှိခဲ့ရကြောင်း ပြည်နယ်ကျန်းမာရေးတာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက အတည်ပြုပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အမေရိကန် တပ်ဖွဲ့ဝင်ငါးဦး အပါ အဝင် အ ပေါင်း ပါ တပ်ဖွဲ့မှ တပ်ဖွဲ့ဝင်၃၇ဦးဒဏ်ရာ ရခဲ့ရသော ကာဘာလာမြို့ တွင် ဖြစ်ပွားခဲ့သည့် တိုက် ခိုက် မှု အပြီးတွင် ဗုံး ပေါက် ကွဲ မှု ကြောင့် ပျက်စီး နေသောဘူဂေး ရီးယားစစ်ဌာန ချုပ် အဆောက် အအုံကို တွေ့ရ စဉ်။

(ဓာတ်ပုံ– အင်တာနက်)

မြို့ခြံချွေတာ၊ ထိန်းပါလေလွင့်၊ ထုတ်ကုန်မြှင့်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား ဒီဇင်ဘာ ၂၈ရက်က ကချင်ပြည်နယ် မြစ်ကြီးနားမြို့ လေဆိပ်၌ တိုင်းရင်းသားခေါင်းဆောင်များက ကြိုဆိုကြစဉ်။ (သတင်းစဉ်)

❀ ရှေ့ဖုံးမှ

ဒေါက်တာဆဘွဲ့ဂျွန်နှင့် လူကြီးများ၊ ကချင်ပြည်နယ် အထူးဒေသ(၁)မှ တိုင်းရင်းသားခေါင်းဆောင် ဦးစခုန်တိန့်ယိန်းနှင့်အဖွဲ့ဝင်များ၊ အထူးဒေသ(၂)မှ တိုင်းရင်းသားခေါင်းဆောင် ဦးလမုန်တူးဂျိုင်နှင့် အဖွဲ့ဝင်များ၊ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့ဝင်များနှင့်ဒေသခံတိုင်းရင်းသား၊ တိုင်းရင်းသူများက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား မြစ်ကြီးနားလေဆိပ်ခန်းမ၌ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းဦးက မြစ်ကြီးနားလေဆိပ် မူလလေဆိပ် အဆောက်အအုံ အဆင့်မြှင့်မွမ်းမံခြင်းနှင့် လေဆိပ်အဆောက်အအုံသစ် တိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်းများနှင့် ပတ်သက်၍လည်းကောင်း၊ လေယာဉ်စီးခရီးသည်များ ပိုမိုအဆင်ပြေစွာသွားလာနိုင်ရေးအတွက် အခန်းများပြင်ဆင်ဖွဲ့စည်းရန် စီစဉ်ထားရှိမှုနှင့်ပတ်သက်၍ လည်းကောင်းရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ အင်ဂျင်နီယာမှူးကြီး ဦးသန်းညွှန့်ဝင်းက မြစ်ကြီးနားလေယာဉ်ကွင်း လေယာဉ်ပြေးလမ်းနှင့် လေယာဉ်ရပ်နားနေရာကျောက်ကတ္တရာရေပိတ်လွှာခင်းခြင်းနှင့် လက်ရှိ လေယာဉ်ပြေးလမ်းအရှည်ပေ ၆၀၀၀ အကျယ်ပေ ၁၅၀ကို အပိုင်းလိုက် အဆင့်မြှင့်မွမ်းမံနေမှု အခြေအနေကို ရှင်းလင်းတင်ပြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လိုအပ်သည်များမှာကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ကချင်ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေ လိုက်ပါလျက် ဆက်လက် ထွက်ခွာလာကြရာ နံနက် ၁၀နာရီခွဲတွင် ပူတာအိုမြို့သို့ ရောက်ရှိကြသည်။

ပူတာအိုလေဆိပ်တွင်ကြိုဆို

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များအား စစ်ဗျူဟာမှူး ဗိုလ်မှူးကြီးခိုင်စိုး၊ ခရိုင်နှင့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့ဝင်များနှင့် ဒေသခံ တိုင်းရင်းသား၊ တိုင်းရင်းသူများက ပူတာအိုလေဆိပ်တွင် ကြိုဆိုကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် ပူတာအိုမြို့ ဒုတ္တန် အခြေခံပညာအထက်တန်းကျောင်းသို့ရောက်ရှိကြရာ တာဝန်ခံကျောင်းအုပ်နှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများက ကြိုဆိုကြသည်။

ရှေ့ဦးစွာ ကျောင်းခန်းမ၌ တာဝန်ခံကျောင်းအုပ် ဦးဒိန်းခန်ဒါဝီက အလျားပေ ၁၇၀၊ အနံပေ ၃၀ရှိ နှစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်မှုလုပ်ငန်း တိုးတက်မှုအခြေအနေ၊ သင်ကြားရေးနှင့် ဝန်ထမ်းရေးရာကိစ္စရပ်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က တိုးချဲ့ကျောင်းဆောင်သစ် အမြန်ပြီးစီးရေး စီစဉ်ဆောင်ရွက်ပေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် တိုးချဲ့နှစ်ထပ် ကျောင်းဆောင်သစ် တည်ဆောက်မှုလုပ်ငန်းကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ပူတာအိုခရိုင် နောင်မွန်းမြို့သို့ ရဟတ်ယာဉ်များဖြင့် ရောက်ရှိကြရာ နောင်မွန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ တိုင်းရင်းသား ရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များ၊ ဒေသခံ တိုင်းရင်းသား၊ တိုင်းရင်းသူများက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် နောင်မွန်းမြို့ ခန်းမ၌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာများ၊ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့ဝင်များနှင့် ဒေသခံရပ်မိရပ်ဖများနှင့် တွေ့ဆုံသည်။

ရှေ့ဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းမြက ၂၀၀၃ခုနှစ် ဧပြီ ၂၆ရက်တွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် နောင်မွန်းမြို့သို့ရောက်ရှိစဉ် ပညာရေး၊ ကျန်းမာရေး၊ ရုပ်သံထပ်ဆင့်လွှင့်စက်တပ်ဆင်ရေး၊ ရေအားလျှပ်စစ်တပ်ဆင်ထုတ်လုပ်ရေး၊ စပါးအထွက်တိုးရေး၊ လမ်း/တံတားလုပ်ငန်းများနှင့် ပတ်သက်၍ လမ်းညွှန်မှာကြားချက်များအပေါ် အကောင်အထည်ဖော် ပြီးစီးမှု၊ ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်နေသော လုပ်ငန်းများနှင့်လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်း တင်ပြသည်။

အမှာစကားပြောကြား

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က တင်ပြချက်များကို ပြန်လည်ရှင်းလင်း ဆွေးနွေးပြီး အမှာစကားပြောကြားရာတွင် ဒေသဝမ်းစာဖူလုံရေးအတွက် စိုက်ပျိုးရေးလုပ်ငန်းများ တိုးချဲ့စိုက်ပျိုးရန်လိုအပ်ကြောင်း၊ စပါးသာမက စားသုံးသီးနှံစုံလင်အောင်စိုက်ပျိုးရေး၊ ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာပေါင်းစပ်အသုံးပြုရေး၊ ဒေသတွင်းဖြစ်ထွန်းနိုင်သည့် လက်ဖက်ကို စီးပွားဖြစ်စိုက်ပျိုးရေးတို့အတွက် တာဝန်ရှိသူများက ဒေသခံပြည်သူများအား စည်းရုံးဦးဆောင် သွားကြရန်လိုကြောင်း၊ စိုက်ပျိုးနည်းစနစ်ပညာပေးခြင်း၊ သီးနှံမျိုးဖြန့်ဝေပေးခြင်းများ ပံ့ပိုးဆောင်ရွက်ပေးရန်လိုကြောင်း။

ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသ၏ စီးပွားရေး တိုးတက်ကောင်းမွန်ရေး၊ ဒေသခံပြည်သူများ၏ လူနေမှု ဘဝ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဒီဇင်ဘာ ၂၈ရက်က ကချင်ပြည်နယ် ပူတာအိုမြို့ ဒုတ္တန် အခြေခံပညာအထက်တန်းကျောင်း၌ ဆရာ၊ ဆရာမများအား ရင်းရင်းနှီးနှီးတွေ့ဆုံစဉ်။ (သတင်းစဉ်)

အဆင့်အတန်းမြင့်မားရေးတို့အတွက် ဌာနဆိုင်ရာအကြီးအကဲများကစေတနာရှေ့ထားပြီး ဝီရိယအား၊ တီထွင်ကြံဆမှုအားပေါင်းစပ်၍ ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က နောင်မွန်းအခြေခံပညာ အထက်တန်းကျောင်းအတွက် လှူဒါန်းသည့် ကွန်ပျူတာ တစ်စုံနှင့် ရုပ်မြင်သံကြားစက်၊ ဗီဒီယိုစက်နှင့်အင်ဗာတာတို့ကို မြို့နယ်ပညာရေးမှူး ဦးရမ်အေးအားလည်းကောင်း၊ ဒေသခံပြည်သူများအတွက် အဝတ်အထည်များကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းမြအားလည်းကောင်း ပေးအပ်သည်။

ဆက်လက်၍ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်က နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီက လှူဒါန်းသည့် ရုပ်မြင်သံကြားစက်များကို ရပ်ကွက်နှင့် ကျေးရွာ ကိုယ်စားလှယ်များအား ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် နောင်မွန်းမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြုကျောင်းသို့ သွားရောက်၍ ဆရာတော် ဘဒ္ဒန္တ ဣန္ဒကဉာဏနှင့် ဘဒ္ဒန္တ ဥတ္တရတို့အား ပူဇော်ကန်တော့ကြပြီး လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူငွေများကို ဆက်ကပ်လှူဒါန်းကြသည်။

ပန်နန်းဒင်မြို့ရောက်ရှိ

ဆက်လက်၍ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် အသစ်တည်ထောင်လျက်ရှိသောနောင်မွန်းမြို့နယ် ပန်နန်းဒင်မြို့သို့ရောက်ရှိကြရာ ပန်နန်းဒင်မြို့ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးနှင့် ဝန်ထမ်းများ၊ တိုင်းရင်းသား ယဉ်ကျေးမှုအဖွဲ့များ၊ ဒေသခံတိုင်းရင်းသား၊ တိုင်းရင်းသူများက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ပန်နန်းဒင်မြို့ စုပေါင်းရုံးခန်းမ၌ ဌာနဆိုင်ရာဝန်ထမ်းများ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံသည်။

ရှေ့ဦးစွာ ပန်နန်းဒင်မြို့ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးကျော်နိုင်နှင့် ဝန်ထမ်းများက ပန်နန်းဒင်မြို့၌ ဌာနအသီးသီး၏ ရုံးအဆောက်အအုံများ ကိုယ်အားကိုယ်ကိုး တည်ဆောက်ဖွင့်လှစ်ထားမှု၊ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်ဓာတ်အားရရှိမှုအခြေအနေ၊ ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်နေမှုများနှင့် လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

ဖြည့်ဆည်းဆောင်ရွက်

ထို့နောက် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ဒေသဆန်ဖူလုံရေးဆိုင်ရာ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး မြို့တည်ဆောက်ရေးအတွက် လိုအပ်ချက်များကိုလည်းစီမံဆောင်ရွက်ပေးခဲ့သည်။

ယင်းနောက် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ပန်နန်းဒင်မြို့ အခြေခံပညာ အထက်တန်းကျောင်းအတွက်လှူဒါန်းသည့် ကွန်ပျူတာတစ်စုံ၊ ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်နှင့်အင်ဗာတာတို့ကို ကျောင်းအုပ် ဦးစိန်မြင့်အားပေးအပ်သည်။

စုပေါင်းဓာတ်ပုံရိုက်

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး ဗိုလ်ချုပ် မောင်မောင်ဆွေနှင့် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများသည် ရုပ်မြင်သံကြားစက်၊ ရုပ်မြင်သံကြားဖမ်းစလောင်း၊ အပ်ချုပ်စက်ခေါင်း၊ ဆေးအမျိုးမျိုး၊ အဝတ်အထည်၊ အနွေးထည်နှင့် စောင်၊ ဆားတို့ကို ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသားများအား ပေးအပ်သည်။

ထို့နောက် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံများ၊ တိုင်းရင်းသားများနှင့်အတူ စုပေါင်းဓာတ်ပုံရိုက်ကြသည်။

ထိုမှတစ်ဆင့် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ညနေပိုင်းတွင် ရဟတ်ယာဉ်များဖြင့် ပူတာအိုမြို့သို့ ပြန်လည်ရောက်ရှိကြသည်။

ရှေ့ဦးစွာ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ပူတာအိုမြို့ ခုတင် ၁၀၀ဆံ့ ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြရာ ဆေးရုံအုပ် ဒေါက်တာ အောင်ဝင်းနှင့် ဆရာဝန်၊ဆရာမများကကြိုဆိုကြသည်။

မြေနေရာရွေးချယ်

ထို့နောက် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် အသစ်တည်ဆောက်ပြီးစီးနေသည့် ခွဲစိတ်ဆောင်သစ်၊ ခွဲစိတ်ဆောင်သစ်၌ အသုံးပြုမည့် ခေတ်မီကုသရေး ကိရိယာများ၊ လက်ရှိ ဆေးရုံအဆောက်အအုံ မွမ်းမံရန် ပြင်ဆင်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး တိုးချဲ့ဆေးရုံ အဆောက်အအုံ တည်ဆောက်ရန် မြေနေရာရွေးချယ်ပေးကာ လိုအပ်သည်များကို တာဝန်ရှိသူများအားမှာကြားသည်။

ယင်းနောက် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ပူတာအိုမြို့ရှိ သစ်တောရေးရာဝန်ကြီးဌာနမှ တည်ထောင်ထားသော ခါကာဘိုရာဇီ အမျိုးသားဥယျာဉ်၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးပညာပေးပြခန်းသို့ ရောက်ရှိကြပြီး ဒေသရင်းသစ်ခွမျိုးပြကွက်၊ လိပ်ပြာနှင့် ကျေးငှက်မျိုး နမူနာများနှင့် သဘာဝပတ်ဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်များ ထိန်းသိမ်းရေးလုပ်ငန်း ဆောင်ရွက်နေမှု မှတ်တမ်းတင်ပိုစတာများ၊ ဓာတ်ပုံများနှင့် စာတမ်းများကိုကြည့်ရှုပြီး လိုအပ်သည်များနှင့် တိုးချဲ့ဆောင်ရွက်ဖွယ်ရာများကို မှာကြားခဲ့သည်။

လူငယ်ဖွံ့ဖြိုးရေး

ဆက်လက်၍ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည်ပူတာအိုမြို့နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းသို့ရောက်ရှိကြရာ ကျောင်းအုပ်ဦးတင်မြင့်နှင့်နည်းပြများ၊ ကျောင်းသားများက ကြိုဆိုကြသည်။

ရှေ့ဦးစွာ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ဘုရားခန်းနှင့် ကျောင်းသားအိပ်ဆောင်တို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် သင်တန်းခန်းမ၌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များအား ကျောင်းသားများက "ပြည်ထောင်စုအတွက်ထာဝစဉ်" တေးသီချင်းဖြင့် သီဆိုဂါရဝပြုကြသည်။

ယင်းနောက် ကျောင်းအုပ်ဦးတင်မြင့်က ပူတာအိုမြို့ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း၏ ရည်ရွယ်ချက်နှင့်ဆောင်ရွက်

စာမျက်နှာ ၇ ကော်လံ ၁ သို့ ➪

အသံမစဲ အဘိဓမ္မာခုနစ်ကျမ်း ရွတ်ဖတ်ပွဲ

ရန်ကုန် ဒီဇင်ဘာ ၃၀

ပုဇွန်တောင်မြို့နယ် ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးတွင် နှစ်စဉ်ကျင်းပမြဲအတိုင်း (၂၅)ကြိမ်မြောက် အသံမစဲ မဟာအဘိဓမ္မာခုနစ်ကျမ်း ရွတ်ဖတ်ပူဇော်ပွဲကို ၂၀၀၄ခုနှစ် ဇန်နဝါရီ ၆ရက်မှ ၁၅ရက်အထိ ၁၀ရက်တိုင်တိုင် ကျင်းပမည်ဖြစ်၍ ကြွရောက်နာကြားရန် ဖိတ်ကြားထားသည်ဟု သိရသည်။ (၂၃)

စက်မှုစွမ်းအား ခေတ်ကျော်လွှား

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် ဒီဇင်ဘာ ၂၈ရက်က ကချင်ပြည်နယ် နောင်မွန်းမြို့ ခန်းမ၌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ တိုင်းရင်းသား ယဉ်ကျေးမှု အဖွဲ့ဝင်များ၊ ဒေသခံ ရပ်မိရပ်ဖများအား တွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)

➪ စာမျက်နှာ ၆ မှ

အကောင်အထည်ဖော် လျက်ရှိသော လုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က သင်တန်းကျောင်း၏ ရည်ရွယ်ချက်များ ပြည့်မြောက် အောင်မြင်အောင် ဆောင်ရွက်ကြရေးနှင့် တိုးမြှင့်ဆောင်ရွက်ရေး လုပ်ငန်းများကို တာဝန်ရှိသူများအား မှာကြားသည်။

ပေးအပ်

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် သင်တန်းသား ၇၄ဦးအတွက် ကျောင်းသုံး ဗလာစာအုပ်များနှင့် ကျောင်းသားဝတ်စုံတို့ကို တစ်ဦးစီ ပေးအပ်ကြသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ပူတာအိုမြို့ ခါကာဘိုရာဇီ ရိပ်သာသို့ ရောက်ရှိရပ်နားကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်သည် ဒီဇင်ဘာ ၂၉ရက် နံနက် ၈နာရီခွဲတွင် ပူတာအိုမြို့ ဖုန်ကန်ရာဇီ ခန်းမ၌ ပူတာအိုခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ တိုင်းရင်းသား ခေါင်းဆောင်များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ပူတာအိုခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမောင်မြို့က ပူတာအိုခရိုင်၏ တည်နေရာနှင့်အကျယ်အဝန်း၊ ရာသီဥတုအခြေအနေ၊ ခရိုင်အတွင်းမြေအသုံးချမှု၊ မိုးစပါးစိုက်ပျိုးမှု၊ အထွက်နှုန်းနှင့် ထွက်ရှိမှု၊ ဝမ်းစာဖူလုံမှု အခြေအနေ၊ နံ့စားသီးနှံ၊ ဆီထွက်သီးနှံ၊ ပဲမျိုးစုံ၊ စားဖိုချောင်သီးနှံ စသည့် သီးနှံစုံစိုက်ပျိုးမှု၊ စက်မှုကုန်ကြမ်းသီးနှံနှင့် နှစ်ရှည်ပင်စိုက်ပျိုးမှု၊ ဆည်မြောင်းလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းတံတား လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြရာ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ် မောင်မောင်ဆွေက ဖြည့်စွက်ရှင်းလင်း တင်ပြသည်။

အမှာစကားပြောကြား

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဒေသဖွံ့ဖြိုးရေး အတွက် လိုအပ်သော လမ်းတံတား လုပ်ငန်းသဘာဝ အခြေခံခရီးသွားလုပ်ငန်း၊ ဒေသဝမ်းစာဖူလုံရေးအတွက် တောင်ယာ၊ကုန်းမြင့်လယ်ယာ တိုးချဲ့ဖော်ထုတ်စိုက်ပျိုးရေး၊ ဒေသဝမ်းစာဖူလုံရေးနှင့် ဒေသစီးပွားရေး ဖြစ်ထွန်းရေးအတွက် သီးနှံအမယ်များ ရွေးချယ်စိုက်ပျိုးရေး၊ ပညာရေး၊ ကျန်းမာရေး လုပ်ငန်းများအတွက် ဒေသခံများ အတွက် အထူးသင်တန်းများပေးရေး၊ ကျေးလက်လျှပ်စစ်ရရှိရေး၊ ရုပ်သံလွှင့် ဖမ်းစက်ရုံ တည်ဆောက်ပေးရေး၊ ပူတာအိုလေယာဉ်ကွင်း လေယာဉ်ပြေးလမ်း မွမ်းမံရေးလုပ်ငန်းများကို တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် နိုင်ငံတော်ဝန်ကြီးချုပ်ဦးဆောင်လျက် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများပါဝင်သည့် မိမိတို့အဖွဲ့သည် ပူတာအိုခရိုင်ရှိ ဒေသဆိုင်ရာ အာဏာပိုင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့မိမြို့ဖများ၊ တိုင်းရင်းသားခေါင်းဆောင်များနှင့်တွေ့ဆုံပြီး ပူတာအိုခရိုင် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဖြည့်ဆည်းဆောင်ရွက်ပေးရန် သီးသန့်စီစဉ်ပြီး လာရောက်ခဲ့ကြခြင်းဖြစ်ကြောင်း။

ယမန်နေ့ကလည်း နောင်မွန်းမြို့နှင့် ပန်နန်းဒင်မြို့တို့သို့ ခဲရာခဲဆစ် သွားရောက်ပြီး နယ်စပ်အစွန်အဖျား ဒေသများရှိ မိမိတို့ တိုင်းရင်းသူ၊ တိုင်းရင်းသားပြည်သူများ၏ နေထိုင်စားသောက်မှု အခြေအနေများကို ကွင်းဆင်းလေ့လာခဲ့၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း။

လေ့လာဆောင်ရွက်ပေးနေ

နိုင်ငံတော်တာဝန်ရှိသူများအနေဖြင့် နယ်စပ်ဒေသအစွန်အဖျားရှိ ဖွံ့ဖြိုးမှု နောက်ကျနေသော ဒေသများသို့ ကိုယ်တိုင်ကိုယ်ကျ သွားရောက်ပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသခံ တိုင်းရင်းသားများ၏ လူနေမှုဘဝ အဆင့်အတန်း တိုးတက်မြင့်မားရေး အတွက် မိဘက သားသမီးများအပေါ် ထားရှိသည့် စေတနာစိတ်ထား၊ မိသားစုစိတ်ဓာတ်တို့ဖြင့် လိုအပ်သည်များကို လေ့လာသုံးသပ်ဖြည့်ဆည်း ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း။

ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးသည် တိုင်းရင်းသားမျိုးနွယ်စု တစ်ရာကျော် ပေါင်းစည်းနေထိုင်လျက်ရှိသည့် ပြည်ထောင်စုကြီးဖြစ်ကြောင်း၊ ယခင်ခေတ်ကာလက တိုင်းရင်းသားစည်းလုံး ညီညွတ်မှုယိုယွင်းခဲ့ပြီး လက်နက်ကိုင်ဆန့်ကျင်မှုများ ပေါ်ပေါက်ခဲ့ရာ တည်ငြိမ်အေးချမ်းမှုမရှိသော ဒေသများမှာ ဖွံ့ဖြိုးမှု နောက်ကျကျန်ခဲ့ရကြောင်း။

နောက်ကျကျန်ခဲ့ရ

အချို့သောဒေသများမှာမူ လမ်းပန်းဆက်သွယ်မှု မကောင်းမွန်ခြင်း၊ တာဝန်ရှိသူများကလည်း သက်ဆိုင်ရာဒေသနှင့် ကင်းကွာပြီး အဝေးမှပင် စီမံဆောင်ရွက်ခဲ့ကြသဖြင့် ဒေသဖွံ့ဖြိုးမှု နောက်ကျကျန်ခဲ့ရကြောင်း။

မည်သို့အကြောင်းကြောင့် ဖွံ့ဖြိုးတိုးတက်မှု နောက်ကျကျန်ခဲ့ရသည်ဖြစ်စေ ယနေ့အချိန်ကာလတွင် ပြည်ထောင်စုကြီးတစ်ရပ်လုံး ဟန်ချက်ညီညီ အကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်ရမည့် အချိန်အခါရောက်ပြီဆိုသည့် သဘောထားဖြင့် နိုင်ငံတော်အစိုးရအနေဖြင့် နယ်မြေဒေသ တည်ငြိမ်အေးချမ်းအောင်၊ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်အောင်၊ ဒေသ၏ စီးပွားရေး ဖွံ့ဖြိုးအောင် တစ်နိုင်ငံလုံး ဖြန့်ကြက်ပြီး စီမံဆောင်ရွက်ပေးလျက်ရှိခြင်း ဖြစ်ကြောင်း။

ခက်ခဲနေဆဲ

ပူတာအိုမြို့သည် လမ်းပန်းအဆက်အသွယ်ရှိသော်ငြားလည်း လမ်းမကောင်းမှု လမ်းပြုပြင်ရေးအတွက် ဗဟိုမှ စီစဉ် ဆောင်ရွက်ပေးခဲ့သော်လည်း လက်တွေ့ဆောင်ရွက်ရသည့် ဌာနဆိုင်ရာများ၏ ချို့ယွင်းအားနည်းမှုတို့ကြောင့် လမ်းပန်းဆက်သွယ်ရေး ခက်ခဲနေဆဲပင်ဖြစ်ကြောင်း။

သို့ဖြစ်၍ မြစ်ကြီးနား-ပူတာအိုလမ်းကို နှစ်နှစ်အတွင်း ပြီးစီးအောင် အဆင့်မြှင့်တင် မွမ်းမံသွားရန်နှင့် ပူတာအို-နောင်မွန်း-ပန်နန်းဒင်လမ်းကို မော်တော်ဆိုင်ကယ်လမ်းအဖြစ် ပထမအဆင့်အနေဖြင့် ဖောက်လုပ်သွားရန် ယခုခရီးစဉ်တွင်ပင် စီစဉ်ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း။

အလားအလာကောင်းရှိ

ပူတာအိုဒေသသည် မြန်မာနိုင်ငံ၏ မြောက်ဖျားတွင်ရှိပြီး ရေမြေဒေသ ပတ်ဝန်းကျင် မပျက်မယွင်းရှိနေမှု၊ ဆီးနှင်းဖုံး တောင်တန်းကြီးများ ရှိနေမှုတို့ကြောင့် သဘာဝအခြေခံ ကမ္ဘာလှည့် ခရီးသည်လုပ်ငန်း (Eco-tourism) အောင်မြင်ဖြစ်ထွန်းနိုင်မည့် အလားအလာကောင်းများရှိနေကြောင်း။

ကမ္ဘာလှည့် ခရီးသည်လုပ်ငန်း အောင်မြင်ဖြစ်ထွန်းပါက ဒေသလည်း တစ်ရှိန်ထိုး တိုးတက်လာမည်ဖြစ်ရာ ကမ္ဘာလှည့် ခရီးသည်လုပ်ငန်းအတွက် လိုအပ်သည့် အခြေခံအဆောက်အအုံများ တည်ဆောက်သွားရန် နိုင်ငံတော်အစိုးရက စီစဉ်ဆောင်ရွက်နေပြီလည်း ဖြစ်ကြောင်း။

ဝီရိယစိုက်ထုတ်

ယင်းသို့သော အခြေအနေတွင် ဒေသခံ တိုင်းရင်းသားပြည်သူများကလည်း မိမိတို့ဒေသ ဖွံ့ဖြိုးတိုးတက်ရေး၊ စီးပွားရေးလုပ်ငန်းများ တိုးပွားဖြစ်ထွန်းရေးအတွက် ဝီရိယစိုက်ထုတ်ကြိုးပမ်း ဆောင်ရွက်သွားကြရန် လိုကြောင်း။

ပူတာအိုဒေသသည် မြေဆီမြေသြဇာ ကောင်းမွန်ပြီး စိုက်ပျိုးရေးဖြစ်ထွန်းနိုင်သည့် ဒေသဖြစ်ရာ ဝမ်းစာဖူလုံအောင် ဆန်စပါး တိုးချဲ့စိုက်ပျိုးခြင်း၊ လက်ဖက်၊ မက္ကာဒေးမီးယား၊ သစ်ကြားသီး စသည့် ဒေသတွင်းဖြစ်ထွန်းနိုင်သည့် သီးနှံများစုံလင်အောင် စီးပွားဖြစ် စိုက်ပျိုးခြင်း၊ ဟိုတယ်လုပ်ငန်းတွင် အသုံးပြုနိုင်သည့် မှို၊ ဟင်းသီးဟင်းရွက်ကဲ့သို့သော စားသုံးသီးပင်များ စိုက်ပျိုးခြင်း၊ မွေးမြူရေးလုပ်ငန်းများ တိုးချဲ့ခြင်း၊ မုံညင်း၊မြေပဲ၊ပန်းနှမ်း စသည့် ဆီထွက်သီးနှံများစိုက်ပျိုးခြင်း စသည့် နည်းလမ်းအသွယ်သွယ်ဖြင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း။

လက်တွဲပူးပေါင်း

ထို့ပြင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်တို့ကို မွေးမြူပြီး တိုင်းရင်းသား လူမျိုးများအားလုံး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် မိမိနိုင်ငံ မိမိဒေသ ဖွံ့ဖြိုးတိုးတက်အောင်၊ တည်ငြိမ်အေးချမ်းအောင်၊ ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲအောင် တက်ညီလက်ညီ လက်တွဲပူးပေါင်း ဆောင်ရွက်ကြရန် မှာကြားလိုကြောင်း။

ထို့အတူ ဌာနဆိုင်ရာဝန်ထမ်းများကလည်း မိမိတို့ တာဝန်ကျရာဒေသ ဖွံ့ဖြိုးတိုးတက်အောင်၊ ဒေသခံ ပြည်သူများ လူနေမှုဘဝအဆင့်အတန်း တိုးတက်မြင့်မားစေရအောင် ပြည်သူများကို စည်းလုံးဦးဆောင်ပြီး ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားလိုကြောင်း။

ဌာနဆိုင်ရာများအားလုံး သူ့တာကိုယ့်တာမခွဲခြားဘဲ စုပေါင်းခေါင်းဆောင်မှု စုပေါင်းတာဝန်ယူမှုတို့ဖြင့် ဌာနအသီးသီးပါဝင်သော ကဏ္ဍအလိုက် ကော်မတီများ ဖွဲ့စည်းလျက် ဆွေးနွေးညှိနှိုင်း ပူးပေါင်းဆောင်ရွက်သွားကြရန် မှာကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ ပညာရေး ကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ပူတာအိုမြို့ အခြေခံပညာ အထက်တန်းကျောင်း အတွက် ကွန်ပျူတာတစ်စုံ၊ ရုပ်မြင်သံကြားစက်နှင့် ဆက်စပ်ပစ္စည်းများကိုလည်းကောင်း၊ ပူတာအိုမြို့ ဒုတ္တန် အခြေခံပညာ အထက်တန်းကျောင်း အတွက် ရုပ်မြင်သံကြားစက်နှင့် ဆက်စပ်ပစ္စည်းများကိုလည်းကောင်း၊ ပူတာအိုမြို့ နမ်ဟော့အလယ်တန်းကျောင်းခွဲအတွက် ကွန်ပျူတာတစ်စုံနှင့် ကျောင်းသုံး ဗလာစာအုပ်များကိုလည်းကောင်း သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများအား ပေးအပ်သည်။

လက်ဆောင်ပေးအပ်

ထို့နောက် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဒေသခံ ရဝမ်တိုင်းရင်းသားခေါင်းဆောင် ဦးဖုန်းယားဖေရမ်၊ လီဆူးတိုင်းရင်းသား ခေါင်းဆောင် ဦးလာဖီးဒီး၊ ဂျိန်းဖောတိုင်းရင်းသားခေါင်းဆောင် ဦးဂွန်အောင်နှင့် ခန္တီးရှမ်းတိုင်းရင်းသား ခေါင်းဆောင် ဦးစောဝင်းခွန်တို့အား နှစ်သစ်ကူးလက်ဆောင်များ ပေးအပ်သည်။

ယင်းနောက် ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ် မောင်မောင်ဆွေက ပူတာအိုမြို့ နမ်ဟော့ အလယ်တန်းကျောင်းခွဲ အတွက် ရုပ်မြင်သံကြားစက်နှင့် ဆက်စပ်ပစ္စည်းများကို ကျောင်းအုပ်ကြီးအား ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ပူတာအိုမြို့ အခြေခံပညာ အထက်တန်းကျောင်းသို့ ရောက်ရှိကြရာ ကျောင်းအုပ်ဆရာကြီး ဦးချစ်လှိုင်နှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများက ကြိုဆိုကြသည်။

လှည့်လည်ကြည့်ရှု

ထို့နောက် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် နိုင်ငံတော်၏ ပံ့ပိုးမှု၊ မိဘပြည်သူများ၏ ပူးပေါင်းပါဝင်မှုတို့ဖြင့် တည်ဆောက်ခဲ့သည့် နှစ်ထပ်ကျောင်းဆောင်သစ်ကို ကြည့်ရှုကြပြီး အိမ်တွင်းမှုသိပ္ပံခန်း၊ Language Lab၊ Computer Centre နှင့် Learning Centre တို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

ယင်းနောက် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ▲

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဒီဇင်ဘာ ၂၈ရက်က ကချင်ပြည်နယ် ပန်နန်းဒင်မြို့ စုပေါင်းရုံးခန်းမ၌ ပန်နန်းဒင်မြို့ အခြေခံပညာ အထက်တန်းကျောင်းအတွက် ကွန်ပျူတာတစ်စုံ၊ ရုပ်မြင်သံကြားစက်၊ ဗီဒီယိုစက်နှင့် အင်ဗာတာတို့ကို ပေးအပ်စဉ်။ (သတင်းစဉ်)

ဆည်တမံလုပ်ငန်းများမှသည် သီးနှံစိုက်ပျိုးအထွက်တိုးစေမည်

မြင့်ဝေလှိုင်

(၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုဆောင်းပါး

မြန်မာနိုင်ငံသည် ရေသယံဇာတကြွယ်ဝသော နိုင်ငံဖြစ်သည်။ မြန်မာနိုင်ငံရှိ ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်၊စစ်တောင်းမြစ် နှင့် သံလွင်မြစ်တို့ အပါအဝင် အခြားမြစ်ငယ်၊ ချောင်းငယ်များစွာမှ နှစ်စဉ်စီးဆင်းနေသည့် ရေပမာဏမှာ ဧကပေသန်း ၈၇၀ ကျော်ရှိသည်။ ထို့ပြင် မြေအောက်ရေနှင့် သဘာဝမိုးရေရရှိနိုင်မှု အခြေခံကောင်းများလည်း ရှိသဖြင့် ၎င်းတို့ကို လယ်ယာ စိုက်ပျိုးရေးအတွက် လုံလောက်စွာ အသုံးပြုနိုင်သည်။

ရှေးမြန်မာမင်းများလက်ထက်ကပင် လယ်ယာစိုက်ပျိုးရေးအတွက် မြစ်ရေကိုမှီကာ ရေသွင်းစိုက်ပျိုးသည့် အတတ်ပညာ၊ တာတမံ ဆည်ဖို့၍ရေကိုစုဆောင်းသည့်အတတ်ပညာများ ရှိခဲ့ပြီးဖြစ်သည်။ အေဒီ ၁၁ ရာစု ပုဂံခေတ် အနော်ရထာမင်း လက်ထက် လယ်တွင်းကိုးခရိုင်ဒေသ အတွင်း ဆည်တမံများကို တည်ဆောက်ခဲ့သည်။

အနော်ရထာမင်းလက်ထက်တွင် ပန်းလောင်မြစ်အနီး၌ ကင်းတားဆည်၊ ငနိုင်သေဉ်ဆည်၊ ပြောင်းပြာဆည်၊ ဂူမည်းဆည်၊ မက္ခရာမြစ်နား၌ နွားတက်ဆည်၊ ကွမ်းဆေးဆည်၊ ဂူတော်ဆည် စသည်တို့ကို တည်ဆောက်ခဲ့ကြောင်း မြန်မာ့သမိုင်းတွင် ဖော်ပြထားသည်။ ထို့နောက် ပုဂံခေတ်တွင်ပင် သင်းတွဲဆည်၊ ဆီးတောဆည်၊ ကြည်းဆည်တို့ကို တည်ဆောက်ခဲ့သည်။ ကျန်စစ်သားလက်ထက်တွင် တည်ဆောက်ခဲ့သော မြကန်ဆည်ကိုကား ယနေ့တိုင် ပုဂံမြို့ရှိ တူရွင်းတောင်အနီးတွင် တွေ့နိုင်သေးသည်။

ဤသို့မြန်မာမင်းများလက်ထက်မှစ၍ ဆည်တမံများကို တည်ဆောက်ခဲ့ရာတွင် ၁၉၆၂ခုနှစ်အထိ မြန်မာနိုင်ငံ၌ ဆည်တမံလုပ်ငန်း ၆၉ခု တည်ဆောက်ခဲ့ပြီး အကျိုးပြုဧက ၈ဒသမ ၅ သိန်းရှိခဲ့သည်။ ၁၉၆၂ခုမှ ၁၉၈၈ခုနှစ်အထိ ဆည်တမံလုပ်ငန်း ၆၉ခု တည်ဆောက်ခဲ့ပြီး အကျိုးပြုဧက ၄ဒသမ၈သိန်းရှိခဲ့သည်။

၁၉၈၈ ခုနှစ်မှ ယနေ့အထိ တပ်မတော်အစိုးရ လက်ထက် တည်ဆောက်ခဲ့သော ဆည်တမံလုပ်ငန်းမှာ ၁၅၅ခုရှိခဲ့ပြီဖြစ်သည်။

အဆိုပါဆည်တမံများမှ စိုက်ပျိုးမြေဧက ၂၁၁၀၂၁၉ကို အကျိုးပြုနိုင်ခဲ့ပြီဖြစ်သည်။ အဆိုပါ ဆည်တမံ ၁၅၅ခုအတွက် နိုင်ငံတော်က ကျပ် ၆၇၈၆၁ ဒသမ ၁၅သန်း အကုန်အကျခံခဲ့သည်။

စိုက်ပျိုးမြေ သယံဇာတများ ဖော်ထုတ်တိုးချဲ့ စိုက်ပျိုးရေးနှင့် စိုက်ပျိုးရေ ဖူလုံစွာ ရရှိရေးတို့မှာ ဆက်စပ်မှုရှိပေသည်။ ထို့ကြောင့် ၎င်းတို့ကို သဟဇာတဖြစ်အောင် ထိန်းညှိဆက်စပ်ဆောင်ရွက်သည့် အနေဖြင့် စိုက်ပျိုးရေများ ရရှိအောင်၊ ရေတော် မိုးတော် စိုက်ပျိုးနိုင်အောင် စနစ်တကျ စီမံဆောင်ရွက်လျက် ရှိသည်။ ရေလိုအပ်သည့်ဒေသများတွင် လိုသလောက် ရရှိနိုင်ရေးအတွက်ဆည်တမံများ၊ မြစ်ရေတင်လုပ်ငန်းများ၊ မြေအောက် ရေရှိရေးလုပ်ငန်းများကို အကောင်အထည်ဖော်ပေးခဲ့သည်။

ပြည်ခရိုင် ပေါက်ခေါင်းမြို့နယ် တောင်နဝင်း ရေလှောင်တမံသည် စိုက်ပျိုးဧက ၆၂၅၀၀ကို အကျိုးပြုလျက်ရှိပြီး ငွေကျပ် ၁၄၇၂ ဒသမ ၆၀ သန်း အကုန်အကျ ခံတည်ဆောက်ခဲ့သည်။

ပြည်နယ်နှင့်တိုင်းအလိုက် ၁၉၈၈ခုနှစ်နောက်ပိုင်း တည်ဆောက်ပြီးစီးခဲ့သော ဆည်တမံများမှာ ကယားပြည်နယ်၌ နှစ်ခု၊ ကရင်ပြည်နယ်၌ တစ်ခု၊ ချင်းပြည်နယ်၌ တစ်ခု၊ စစ်ကိုင်းတိုင်း၌ ၁၅ခု၊ တနင်္သာရီတိုင်း၌ တစ်ခု၊ ပဲခူးတိုင်း၌ ၃၈ခု၊ မကွေးတိုင်း၌ ၂၆ခု၊ မန္တလေးတိုင်း၌ ၃၉ခု၊ မွန်ပြည်နယ်၌ ခြောက်ခု၊ ရခိုင်ပြည်နယ်၌ လေးခု၊ ရန်ကုန်တိုင်း၌ ၁၃ခု၊ ရှမ်းပြည်နယ်၌နှစ်ခု၊ ဧရာဝတီတိုင်း၌ ခုနစ်ခုတို့ဖြစ်ကြသည်။

မြစ်ချောင်းများမှရေကို ဒီဇယ်အင်ဂျင်ရေစုပ်စက်များဖြင့် မြစ်ရေတင်ခြင်း၊ လျှပ်စစ်မြစ်ရေတင် စီမံကိန်းများဖြင့် ရေတင်ရေ စုပ်ယူခြင်း၊ မြေအောက်ရေ ရရှိနိုင်သောဒေသများတွင် စက်ရေတွင်း၊ လက်ရိုက်တွင်းများ တူးဖော်ခြင်း စသည်တို့ကို ဆောင်ရွက်ခဲ့သည်။

မြစ်ရေတင်လုပ်ငန်းများဆောင်ရွက်ပြီးစီးမှုမှာ နိုင်ငံနှင့်အဝန်း ၂၆၅ခု ရှိပြီဖြစ်သည်။ လျှပ်စစ်မြစ်ရေတင် ၈၃ခုနှင့် ဒီဇယ်ရေတင် ၁၈၂ခုရှိပြီး အကျိုးပြုဧရိယာဧကမှာ ၂၈၂၁၀၈ဖြစ်သည်။

ဒီဇယ်ဖြင့် မြစ်ရေတင်ခြင်းလုပ်ငန်းသည် ကချင်ပြည်နယ်၌ နှစ်ခု၊ စစ်ကိုင်းတိုင်း၌ ၃၉ခု၊ တနင်္သာရီတိုင်းတွင်နှစ်ခု၊ ပဲခူးတိုင်းတွင် ၃၅ခု၊ မကွေးတိုင်းတွင် ၂၈ ခု၊ မန္တလေးတိုင်းတွင် ၅၄ ခု၊ မွန်ပြည်နယ်တွင် လေးခု၊ ရခိုင်ပြည်နယ်တွင် တစ်ခု၊ ရန်ကုန်တိုင်းတွင် ရှစ်ခု၊ ဧရာဝတီတိုင်းတွင် ကိုးခု တည်ဆောက်ခဲ့ပြီး ဖြစ်သည်။ လျှပ်စစ်မြစ်ရေတင်လုပ်ငန်းသည်ကယားပြည်နယ်တွင် တစ်ခု၊ ကရင်ပြည်နယ်တွင် တစ်ခု၊ စစ်ကိုင်းတိုင်းတွင် တစ်ခု၊ ပဲခူးတိုင်းတွင် ၂၀ ခု၊ မကွေးတိုင်းတွင် ၁၆ ခု၊ မန္တလေးတိုင်းတွင် ၁၆ခု၊ ရန်ကုန်တိုင်းတွင် ခုနစ်ခုနှင့် ဧရာဝတီတိုင်းတွင် ၁၃ ခု ဖြစ်သည်။

မြေအောက်ရေသုံးစွဲခြင်းလုပ်ငန်းတွင် စက်ရေတွင်းပေါင်း ၄၆၁၆ခု၊ လက်ရိုက်တွင်းပေါင်း ၂၈၆၂ခုဖြစ်ရာ နှစ်ရပ်ပေါင်း အကျိုးပြုဧကမှာ ၉၀၃၀၂ဖြစ်သည်။

ဆည်တမံတည်ဆောက်ခြင်းနှင့် မြစ်ရေတင်လုပ်ငန်းများကို နိုင်ငံတော် အစိုးရ၊ ပြည်သူနှင့် ဌာနဆိုင်ရာဝန်ထမ်းတို့ ပူးပေါင်းကြိုးပမ်းဆောင်ရွက်ခဲ့ရာ နှစ်တိုကာလတွင် အောင်မြင်မှုများစွာ ရရှိခဲ့သည်။

ထို့ကြောင့် အာဆီယံအင်ဂျင်နီယာအသင်းချုပ်ကြီးက ချီးမြှင့်သော ဆည်တမံစီမံကိန်းလုပ်ငန်းအတွက် ၂၀၀၂ ခုနှစ် အင်ဂျင်နီယာလုပ်ငန်းထူးချွန်ဆုကို မြန်မာနိုင်ငံကရရှိခဲ့သည်။ ထိုဆုကို ၂၀၀၂ခုနှစ် စက်တင်ဘာ ၂ ရက်မှ ၄ ရက်နေ့အထိ ကမ္ဘောဒီးယားနိုင်ငံဖနွမ်းပင်မြို့၌ ကျင်းပခဲ့သည့် အကြိမ်(၂၀)မြောက် အာဆီယံအသင်းချုပ်ကြီး၏ အစည်းအဝေးက ချီးမြှင့်ခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံတွင် စိုက်ပျိုးနိုင်သည့် မြေဧက၄၅သန်းရှိရာတွင် ဧက ၂၄သန်းခန့်သာ စိုက်ပျိုးရသေးသဖြင့် ပြည်တွင်းရိက္ခာနှင့် ပြည်ပတင်ပို့မှုတိုးမြှင့်နိုင်ရန်အတွက် ကျန်ဧက၂၁သန်းရှိ မြေလပ်၊ ပလပ်မြေ၊ ရေနက်ကွင်းနှင့်မြေလွတ်မြေရိုင်းများကို ဖော်ထုတ်လုပ်ကိုင်လျက်ရှိသည်။

ယခုအခါ အဓိကစားသုံးသီးနှံဖြစ်သည့် စပါးကို နှစ်စဉ် မိုးစပါးဧက ၁၄သန်း၊ နွေစပါးဧကလေးသန်း စုစုပေါင်းဧက ၁၈သန်း စိုက်ပျိုးထုတ်လုပ်ရေးနှင့် တစ်ဧကပျမ်းမျှစပါးတင်း ၁၀၀ ထွက်ရှိရေး ဦးတည်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ယခုအခါ ဂျုတ်ကောင်း၊ဆီအုန်း၊ သစ်ဆိမ့်ပင်၊ဂုန်လျှော်၊ ရော်ဘာနှင့် လက်ဖက်စိုက်ပျိုးရေးလုပ်ငန်းများကို နိုင်ငံတော်က အားပေးပံ့ပိုးလျက်ရှိသည့်နည်းတူ စိုက်ပျိုးရေးလုပ်ငန်းရှင်များကလည်း တိုးတက်စိုက်ပျိုးထုတ်လုပ်လာကြသည်ကို တွေ့ရသည်။ဂျုတ်ကောင်းကို အိမ်ခြံရှိသူတိုင်း၊ ဥယျာဉ်ခြံရှိသူတိုင်း စိုက်သင့်သောသီးနှံဖြစ်သည်။ ပျိုးပင်များကိုလည်း မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ ဈေးနှုန်းချိုသာစွာရောင်းချပေးပြီး စိုက်ပျိုးမှုနည်းပညာပေးခြင်းတို့ကိုဆောင်ရွက်လျက်ရှိသည်။ ဂျုတ်ကောင်းသည်

မန္တလေးတိုင်း မြင်းခြံမြို့နယ် ဆီမီးခုံမြစ်ရေတင်စီမံကိန်းအရ တည်ဆောက်ထားသော ဆီမီးခုံမြစ်ရေတင်လျှပ်စစ်စက်ဖြင့် ဧရာဝတီမြစ်မှ ရေများတင်ပေးလျက်ရှိသည်။ ရေတင်အမြင့်ပေမှာ ၅၃ပေ ရှိပြီး စီမံကိန်းဧက ၁၁၀၀၀ကို အကျိုးပြုမည်ဖြစ်သည်။

ပူအိုက်စွတ်စို မိုးများသောဒေသကို ကြိုက်သော်လည်း ပူပြင်းသည့်ဒေသမှာပင် ရေရနိုင်လျှင် စိုက်ပျိုး၍ရသည်။ မြန်မာနိုင်ငံတွင် ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်း၊ မွန် ပြည်နယ်၊တနင်္သာရီတိုင်း၊ကရင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ချင်းပြည်နယ်၊ပဲခူးတိုင်းတို့တွင်များစွာ စိုက်ပျိုးဖြစ်ထွန်းလျက်ရှိပြီး ကျန် တိုင်းနှင့်ပြည်နယ်များ၌လည်း စီးပွားဖြစ်စိုက်ပျိုးလျက်ရှိကြောင်းသိရသည်။

ယခုအခါတိုးတက်စိုက်ပျိုးလာသည့် သီးနှံတစ်မျိုးမှာ ဆီအုန်းဖြစ်သည်။ စားအုန်းဆီကို စားသုံးမှုပိုမိုများပြား လာသည့်အပြင် ကမ္ဘာ့ဈေးကွက်၌ပင် တွင်ကျယ်စွာရောင်းချလျက်ရှိသဖြင့် မြန်မာနိုင်ငံတွင် ဆီအုန်းစိုက်ပျိုးမှု ပိုမိုတိုးတက်လာခဲ့သည်။ စာအုန်းဆီမှာ ဆီအုန်းအသီးမှ ထုတ်ယူသောအခွံဆီဖြစ်သည်။ ဆီထွက်သီးနှံများအနက် ဆီထွက်အကောင်းဆုံးဖြစ်သည်။ ဆီထွက်တစ်ဧကေ ပိဿာ ၆၀၀ကျော် ရရှိနိုင်ကြောင်းသိရသည်။

ယခုအခါ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် စီးပွားဖြစ် စိုက်ပျိုးလျက်ရှိကြောင်းသိရသည်။ ဆီအုန်းပင်သည် နှစ်ရှည်ပင်ဖြစ်ပြီး မြန်မာနိုင်ငံတွင် တစ်နှစ်လျှင် မိုးရေချိန်လက်မ ၈၀ ရွာသွန်းသော ဒေသများတွင် ပိုမိုဖြစ်ထွန်းသည်။

စီးပွားဖြစ် စိုက်ပျိုးနိုင်သော အခြားဆီထွက်ပင်တစ်မျိုးမှာ သစ်ဆိမ့်ပင်ဖြစ်သည်။ သစ်ဆိမ့်ပင်မှ တစ်နှစ်လျှင် တစ်ဧက ဆီပိဿာ ၃၀၀ခန့်ထွက်ရှိနိုင်ကြောင်းသိရသည်။ ၂၀၀၂ခုနှစ်မှ ၂၀၀၆ခုနှစ်အထိ ငါးနှစ်စီမံကိန်းဖြင့် နိုင်ငံတစ်ဝန်းတွင် သစ်ဆိမ့်ပင်၄ဒသမ၉သန်း နှစ်စဉ်စိုက်ပျိုးရန်စီစဉ်လျက်ရှိပြီး မကွေးတိုင်း၊ စစ်ကိုင်းတိုင်းတို့တွင် နှစ်စဉ် အပင် ၂၅သိန်းကျော်စိုက်ပျိုးသွားရန် စီမံဆောင်ရွက်လျက်ရှိကြောင်းသိရသည်။ သစ်ဆိမ့်ဆီကို စားသုံးခြင်းဖြင့် ရောဂါအမျိုးပေါင်း

သမိုင်းတစ်ခေတ် နိုင်ငံသစ်ဆီသို့



မကွေးတိုင်း မင်းဘူးခရိုင် စေတုတ္တရာမြို့နယ်တွင် တည်ဆောက်လျက်ရှိသောမုန်းချောင်း ဘက်စုံ ရေလှောင်တမံသည် စိုက်ပျိုးဧက ၁၀၈၀၀၀ ကို အကျိုးပြုမည်ဖြစ်သည်။ ငွေကျပ်သန်းပေါင်း ခြောက်ထောင်ကျော် အကုန်အကျခံ တည်ဆောက်လျက်ရှိသည်။

(မုန်းချောင်း ရေလှောင်တမံ အမြင့်ပေ ၂၀၀နှင့် အလျားပေ ၄၃၂၀ရှိပြီး ကန်ရေပြည့် ဧရိယာ ဧကပေ ၆၇၄၄၀၀ သိုလှောင်နိုင်မည် ဖြစ်သည်။)

၁၉၈၈ ခုနှစ်မှ ယနေ့အထိ တပ်မတော်အစိုးရ လက်ထက် တည်ဆောက်ခဲ့သော ဆည်တမံလုပ်ငန်းမှာ ၁၅၅ခုရှိခဲ့ပြီ ဖြစ်သည်။

အဆိုပါဆည်တမံများမှ စိုက်ပျိုးမြေဧက ၂၁၁၀၂၁၉ကို အကျိုးပြုနိုင်ခဲ့ပြီဖြစ်သည်။ အဆိုပါ ဆည်တမံ ၁၅၅ခုအတွက် နိုင်ငံတော်က ကျပ် ၆၇၈၆၁ ဒသမ ၁၅သန်း အကုန်အကျခံခဲ့သည်။

၂၀ခန့် ပျောက်ကင်းပြီး ဆေးဖက်ဝင်လှသဖြင့် သစ်ဆိမ့်ပင်ကို အမြောက်အမြား စိုက်ပျိုးသင့်ပေသည်။

ဂုန်လျှော်စိုက်ပျိုးရေးကိုလည်း တစ်ဧကအထွက်နှုန်း ပိဿာ ၇၀၀အထိ ရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပေသည်။ စိုက်ပျိုးနေသည့် မျိုးများမှာ ဘီစီ ၉၉ နှင့် ဘီအို ၂၃ တို့ ဖြစ်ကြသည်။ နှစ်ရှည်ပင်ဖြစ်သည့် ရော်ဘာကို ယခုအခါ တိုးချဲ့စိုက်ပျိုးလျက်ရှိရာ

တစ်ဧက အစေးထွက်နှုန်း ပေါင်၁၀၀၀ထွက်ရှိသည်အထိ မျှော်မှန်းဆောင်ရွက်လျက်ရှိသည်။

ယခုအခါ စိုက်ပျိုးရေးလုပ်ငန်းတွင် ခေတ်စားလာသည့် နှစ်ရှည်ပင်မှာ လက်ဖက်ဖြစ်သည်။ လက်ဖက်ကို ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်း၊ ရှမ်းပြည်နယ်တို့တွင် အဓိကထား စိုက်ပျိုးကြသည်။ အထူးသဖြင့် ချင်းပြည်နယ်သည် လက်ဖက်စိုက်ပျိုးရန် ရာသီဥတုနှင့် ရေခံ မြေခံကောင်းမွန်သဖြင့် မကြာမီကာလတွင် ချင်းပြည်နယ်ကို လက်ဖက် အများဆုံးစိုက်ပျိုးသည့် ပြည်နယ်ဖြစ်ရေး ကြိုးပမ်းဆောင်ရွက်လျက် ရှိသည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ယခုအခါ မြန်မာနိုင်ငံ၏ ရာသီဥတုနှင့်လည်းကိုက်ညီ၊ ရိက္ခာဖူလုံရေးအတွက်လည်း အထောက်အကူပြု၊ အထွက်နှုန်းလည်း သိသိသာသာ တိုးနိုင်သည့် အထွက်တိုးမျိုးကောင်းမျိုးသန့် သီးနှံ ၁၀မျိုးကို စီမံချက်များချမှတ် စိုက်ပျိုးလျက်ရှိသည်။

အဆိုပါအထွက်တိုးမျိုးကောင်းမျိုးသန့် သီးနှံ၁၀မျိုးမှာ စပါး၊မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံ၊ အစေ့ထုတ်ပြောင်း၊ မြေပဲ၊ နှမ်း၊ နေကြာ၊ ကြံနှင့်ဝါတို့ဖြစ်ကြသည်။ ၎င်းတို့ကို အထွက်နှုန်းတိုးပြီးပန်းတိုင်အထွက်နှုန်းရရှိစေရန် စိုက်ပျိုးနည်းစနစ်ကို လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာနက သတ်မှတ်ဖော်ပြထားသည်။ စပါး၏ပန်းတိုင်အထွက်နှုန်းမှာ တစ်ဧက တင်း ၁၀၀ ဖြစ်သည်။

ယခုအခါတိုးတက်စိုက်ပျိုးလာသည့် သီးနှံတစ်မျိုးမှာ ဆီအုန်းဖြစ်သည်။ စားအုန်းဆီကို စားသုံးမှုပိုမိုများပြားလာသည့်အပြင် ကမ္ဘာ့ဈေးကွက်၌ပင် တွင်ကျယ်စွာရောင်းချလျက်ရှိသဖြင့် မြန်မာနိုင်ငံတွင် ဆီအုန်းစိုက်ပျိုးမှု ပိုမိုတိုးတက်လာခဲ့သည်။ စားအုန်းဆီ မှာ ဆီအုန်းအသီးမှ ထုတ်ယူသောအစွ ဆီဖြစ်သည်။ ဆီထွက်သီးနှံများအနက် ဆီထွက်

အကောင်းဆုံးဖြစ် သည်။ ဆီထွက်တစ်ဧက ပိဿာ ၆၀၀ ကျော် ရရှိနိုင် ကြောင်းသိရသည်။

ယခုအခါ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် စီးပွားဖြစ် စိုက်ပျိုးလျက် ရှိကြောင်းသိရသည်။ ဆီအုန်းပင်သည် နှစ်ရှည်ပင်ဖြစ်ပြီး မြန်မာနိုင်ငံတွင် တစ်နှစ်လျှင် မိုးရေချိန်လက်မ ၈၀ရွာသွန်းသော ဒေသများတွင် ပိုမိုဖြစ်ထွန်းသည်။

စီးပွားဖြစ် စိုက်ပျိုးနိုင်သော အခြားဆီထွက်ပင် တစ်မျိုးမှာ သစ်ဆိမ့် ပင်ဖြစ်သည်။ သစ်ဆိမ့်ပင်မှ တစ်နှစ်လျှင် တစ်ဧက ဆီပိဿာ ၃၀၀ခန့်ထွက်ရှိနိုင်ကြောင်းသိရသည်။ ၂၀၀၂ခုနှစ်မှ ၂၀၀၆ခုနှစ်အထိ ငါးနှစ်စီမံကိန်းဖြင့် နိုင်ငံတစ်ဝန်းတွင် သစ်ဆိမ့်ပင် ၄ဒသမ ၉သန်း နှစ်စဉ်စိုက်ပျိုးရန်စီစဉ်လျက်ရှိပြီး မကွေးတိုင်း၊ စစ်ကိုင်းတိုင်းတို့တွင် နှစ်စဉ် အပင် ၂၅သိန်းကျော်စိုက်ပျိုးသွားရန် စီမံဆောင်ရွက်လျက် ရှိကြောင်းသိရသည်။ သစ်ဆိမ့်ဆီကို စားသုံးခြင်းဖြင့် ရောဂါအမျိုးပေါင်း ၂၀ခန့် ပျောက်ကင်းပြီး ဆေးဖက်ဝင်လှသဖြင့် သစ်ဆိမ့်ပင်ကို အမြောက်အမြား စိုက်ပျိုးသင့်ပေသည်။

ဂုန်လျှော် စိုက်ပျိုးရေးကိုလည်း တစ်ဧကအထွက်နှုန်း ပိဿာ ၇၀၀အထိ ရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပေသည်။ စိုက်ပျိုးနေသည့် မျိုးများမှာ ဘီစီ ၉၉နှင့် ဘီအို ၂၃ တို့ဖြစ်ကြသည်။

နှစ်ရှည်ပင်ဖြစ်သည့် ရော်ဘာကို ယခုအခါ တိုးချဲ့စိုက်ပျိုးလျက် ရှိရာ တစ်ဧက အစေးထွက်နှုန်း ပေါင် ၁၀၀၀ ထွက်ရှိသည်အထိ မျှော်မှန်းဆောင်ရွက် လျက်ရှိသည်။

ယခုအခါ စိုက်ပျိုးရေးလုပ်ငန်းတွင် ခေတ်စားလာသည့် နှစ်ရှည်ပင်မှာ လက်ဖက်ဖြစ်သည်။ လက်ဖက်ကို ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်း၊ ရှမ်းပြည်နယ်တို့တွင် အဓိကထား စိုက်ပျိုးကြသည်။ အထူးသဖြင့် ချင်းပြည်နယ်သည် လက်ဖက်စိုက်ပျိုးရန် ရာသီဥတုနှင့် ရေခံ မြေခံ ကောင်းမွန်သဖြင့် မကြာမီကာလတွင် ချင်းပြည်နယ် ကို လက်ဖက် အများဆုံးစိုက်ပျိုးသည့် ပြည်နယ် ဖြစ်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီး ဌာနက ယခုအခါ မြန်မာနိုင်ငံ၏ ရာသီဥတု နှင့်လည်း ကိုက်ညီ၊ ရိက္ခာဖူလုံရေးအတွက်လည်း အထောက်အကူပြု၊ အထွက်နှုန်းလည်း သိသိသာသာ တိုးနိုင်သည့် အထွက်တိုးမျိုးကောင်းမျိုးသန့် သီးနှံ ၁၀မျိုးကို စီမံချက်များ ချမှတ် စိုက်ပျိုးလျက်ရှိသည်။

အဆိုပါအထွက်တိုး မျိုးကောင်းမျိုးသန့် သီးနှံ ၁၀မျိုးမှာ စပါး၊မတ်ပဲ၊ပဲတီစိမ်း၊ ပဲစင်းငုံ၊ အစေ့ထုတ် ပြောင်း၊ မြေပဲ၊နှမ်း၊နေကြာ၊ ကြံနှင့်ဝါတို့ဖြစ်ကြသည်။

၎င်းတို့ကို အထွက်နှုန်းတိုးပြီး ပန်းတိုင်အထွက်နှုန်း ရရှိစေရန် စိုက်ပျိုးနည်းစနစ်ကို လယ်ယာစိုက်ပျိုးရေး ဝန်ကြီးဌာနက သတ်မှတ်ဖော်ပြထားသည်။

စပါး၏ပန်းတိုင်အထွက်နှုန်းမှာ တစ်ဧက တင်း ၁၀၀ဖြစ်သည်။ ဆည်ရေသောက်ဒေသများတွင် မိုးစပါးအဖြစ် မနော်သုခ၊ ဆင်းသီဂီ၊ ရောမင်း၊ ညော့်မထစော၊ရွှေသွယ်ရင်၊သီးထပ်ရင်၊ အမ်အာ–၉၊ ရေဆင်း လုံးသွယ်နှင့်မိုးစပါးအဖြစ် ရွှေသွယ်ရင်၊ သီးထပ်ရင်၊ ညော့်မထစော၊ သုခယဉ်၊ရေဆင်းလုံးသွယ်၊ ရေဆင်းစပ်မျိုးတို့ကို စိုက်ပျိုးသွားရန် ဖြစ်သည်။ မိုးရေသောက်ဒေသတွင် မိုးစပါးအဖြစ် ကျော်ဇေယျ၊ မနော သုခ၊ မော်ဘီ–၁၊မော်ဘီ–၂၊ ရောမင်းနှင့်နွေစပါး အဖြစ်သီးထပ်ရင်၊ ရွှေသွယ်ရင်၊အမ်အာ–၉၊ရေဆင်း လုံးသွယ်တို့ကို စိုက်ပျိုးရန်ဖြစ်သည်။ တောင်ပေါ်ဒေသတွင် မိုးစပါးအဖြစ် ဆင်းဧကရီ–၃၊ဆင်းရွှေဝါ၊ ရတနာအောင်၊ ရေဆင်း–၃နှင့် နွေစပါးအဖြစ် ဆင်းဧကရီ–၃၊ ရတနာ အောင်၊ ရေဆင်း–၃တို့ကို စိုက်ပျိုးရန်ဖြစ်သည်။

မတ်ပဲ၏ ပန်းတိုင်အထွက်နှုန်းမှာ တစ်ဧက တင်း ၂၀ ဖြစ်သည်။ ပန်းတိုင်အထွက်နှုန်းရရှိရေး အတွက် အပင်ပေါက်နှုန်း ၈၀ ရာခိုင်နှုန်း အထက်ရှိသော ရေဆင်း(၂)၊ (၃)၊ (၄)၊ (၅) မျိုးများကို စိုက်ပျိုးသင့်ကြောင်း သိရသည်။

ပဲတီစိမ်း၏ ပန်းတိုင်အထွက်နှုန်းမှာ တစ်ဧက တင်း၂၀ ဖြစ်သည်။ မျိုးများအဖြစ် အပင်ပေါက် ရာခိုင်နှုန်း ၈၀ အထက်ရှိသည့် ရေဆင်း (၄)၊ (၅)၊ (၆) (၈)၊ (၉)တို့ကို စိုက်ပျိုးရန်ဖြစ်ကြောင်း သိရသည်။

ပဲစင်းငုံ၏ ပန်းတိုင်အထွက်နှုန်းမှာ တစ်ဧက ၂၅ တင်းဖြစ်သည်။ အပင်ပေါက် ရာခိုင်နှုန်း ၈၀ ရှိသော သက်ကြီးမျိုးဖြစ်သည့် ကျွဲခြံရွှေဒင်္ဂါး၊ ရွှေဒင်္ဂါး၊ သက်လတ်မျိုးဖြစ်သည့် ရေဆင်း(၄)၊ သက်လျင်မျိုး ဖြစ်သည့် ရေဆင်း(၃)တို့ကို စိုက်ပျိုးရန် သင့်လျော် ကြောင်းသိရသည်။

အစေ့ထုတ်ပြောင်း၏ ပန်းတိုင်အထွက်နှုန်းမှာ တစ်ဧကတင်း ၈၀ဖြစ်သည်။ စိုက်ပျိုးရန် မျိုးများအဖြစ် တောင်ပေါ်ဒေသတွင် ဧကရီ၊ ရေဆင်းစပ်မျိုး (၃)၊ ရေဆင်းစပ်မျိုး (၅)ဖြစ်ပြီး မြေပြန့်ဒေသတွင် ရွှေဝါ (၁)၊ ရှုဝမ် (၃)၊ ရေဆင်းစပ်မျိုး(၂)၊ (၃)၊ (၄)၊ (၅)နှင့် မျိုးစေ့ကော်မတီမှ ထောက်ခံထားသော နိုင်ငံခြားမျိုးများ ဖြစ်သည်။

မြေပဲ၏ပန်းတိုင်အထွက်နှုန်းမှာ တစ်ဧက တင်း ၅၀ဖြစ်သည်။ စိုက်ပျိုးသင့်သော အထွက်နှုန်းကောင်း မျိုးများမှာ မျိုးပွားခြင်းကိုခံနိုင်သည့် ဆင်းပဒေသာ–၅၊ ရေငတ်ခြင်းကို ခံနိုင်သည့် ဆင်းပဒေသာ–၆၊ အထွက်နှုန်းမြင့်မား၍ မြေကောင်းကိုကြိုက်သည့် ဆင်းပဒေသာ–၇ တို့ ဖြစ်သည်။

နှမ်း၏ ပန်းတိုင်အထွက်နှုန်းမှာ တစ်ဧကတင်း ၂၀ဖြစ်သည်။ စိုက်ပျိုးသင့်သော မျိုးများအဖြစ် ရေငတ်ခံပြီး အထွက်ကောင်းသော ဆင်းရတနာ–၃၊ ဆင်းရတနာ–၄၊ အပူဒဏ်ခံနိုင်သည့် ဆင်းရတနာ–၅တို့ ဖြစ်ကြသည်။

နေကြာ၏ ပန်းတိုင်အထွက်နှုန်းမှာ တစ်ဧကတင်း ၅၀ဖြစ်သည်။ မျိုးများအဖြစ် အထွက်ကောင်းပြီး ရောဂါဒဏ်ခံနိုင်သည့် ရေဆင်းစပ်မျိုး–၁၊ ယိုင်လဲမှုဒဏ်ခံ၊ ရောဂါဒဏ်ခံနိုင်သည့် ဆင်းရွှေကြာ–၂မျိုးများကို စိုက်ပျိုးသင့်သည်။

ကြံ၏ပန်းတိုင်အထွက်နှုန်းမှာ တစ်ဧက တန် ၃၀ဖြစ်သည်။ မိုးနည်းဒေသတွင် နဝဒေး(၁)(၂)နှင့်မိုးကောင်း သည့်ဒေသတွင်ပျဉ်းမနား (၄)(၅)(၆)တို့ကို စိုက်ပျိုးရန်သင့်လျော်ကြောင်းသိရသည်။

ဝါသီးနှံ၏ ပန်းတိုင်အထွက်နှုန်းမှာ တစ်ဧကပိဿာ (၄၀၀)ဖြစ်သည်။ မျိုးအဖြစ် အယ်လ်အာအေ(၅၁၆၆)၊အန်စီယူ–(၉)၊ အန်စီယူ (၄ VT)၊ ဆူရာဖီနှင့်ဆူပရီရာမျိုးများကိုပြောင်းလဲစိုက်ပျိုးရန် ဖြစ်ကြောင်းသိရသည်။

မြန်မာနိုင်ငံတွင် ရေအရင်းအမြစ်များစွာ ရှိရာစနစ်တကျ စုတ်ယူသုံးစွဲနိုင်သည်နှင့်အမျှ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ အတွက် များစွာ အကျိုးဖြစ်ထွန်းစေမည်ဖြစ်ပါသည်။

ယခုအခါ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ လက်ထက်ဆည်တမံများ၊ မြစ်ရေတင် စီမံကိန်းများအပြင် မြေအောက်ရေ ရရှိရေးလုပ်ငန်းများကိုပါ စနစ်တကျအကောင် အထည်ဖော်ဆောင်ရွက်လာခဲ့ သဖြင့် တစ်ချိန်က မိုးနည်းရေရှားခဲ့သော ဒေသများတွင်ပင်ရေများ အလုံအလောက်ရရှိနေပြီဖြစ်ပေသည်။ မြစ်ကိုမြင်လျက် ရေမတင်နိုင်သောဒေသ၊ မြေရှိသော်လည်းရေမရှိသည့် အတွက် စိုက်ပျိုးခြင်း မပြုနိုင်သေးသော ဒေသများတွင် ရွှေကိုမလို ရေကိုသာလိုခဲ့ကြပါသည်။ သီးနှံစိုက်ပျိုးအထွက်တိုးစေဖို့ ယခုအခါ ဆည်တမံများမှ ရေများ အလျှံပယ်ရရှိနေပါပြီ။ ၎င်းမှာ နိုင်ငံတော်နှင့် ပြည်သူတို့၏ လက်တွဲညီညီ ပူးပေါင်းဆောင်ရွက်မှု၏ အကျိုးရလဒ်ကောင်းများ ဖြစ်ပါတော့သည်။ ။

စဉ်	ဆည်တမံ မြို့	အကျိုးပြု ဧက
၁။	နတ်မော် (ရွှေတောင်)	၈၀၀၀
၂။	စဉ့်ကူးချောင်းဂေါင် (အုတ်ဖို)	၁၅၀၀
၃။	ကင်ပွန်းတောင် (တောင်တွင်းကြီး)	၅၀၀၀
၄။	စလေပခန်းငယ် (ချောက်)	၅၄၀၀
၅။	ဒုရင်္ဂဗိုလ် (အောင်လံ)	၁၀၄၀၀
၆။	ကင်းတား(ကျောက်ဆည်)	၂၀၁၅၀၀
၇။	သဖန်းချောင်း (ပျော်ဘွယ်)	၁၂၀၀
၈။	အဇင်း (မုဒုံ)	၃၀၀၀
၉။	အောက်မြန်မာပြည်စပါး(၂) (ဘိုကလေး/လပွတ္တာ/မအူပင်)	၁၈၃၄၂၁
၁၀။	လက်ယက်မ (မြောင်)	၇၅၀
၁၁။	စေတီ (တမူး)	၈၄၅
၁၂။	ဝက်ရှု (တမူး)	၇၀၂
၁၃။	မြေအောက်ရေ (၁) (မုံရွာ/ချောင်းဦး/ဘုတလင်)	၂၂၉၃၅
၁၄။	ရွှေတောင် (ရွှေတောင်)	၁၂၀၀
၁၅။	ဘုတ်ချောင်း (မြို့သစ်)	၅၀၀
၁၆။	ပွဲသာ (အောင်လံ)	၁၀၀၀
၁၇။	သီးခြောက် (ပေါက်)	၁၂၅၀
၁၈။	နွယ်ခွေ (ချောင်းဦး)	၁၂၅၀
၁၉။	တုန်းကျော် (တမူး)	၄၆၂
၂၀။	တောင်မောက် (ပန်းတောင်း)	ရေပေးဝေရေး
၂၁။	မြိုင်ချောင်း (မြိုင်)	၁၀၀၀
၂၂။	ကန်စွမ်းမ(ဝန်ချောင်း) (ဆိပ်ဖြူ)	၆၇၅
၂၃။	ကျောက်တစ်လုံး (တောင်သာ)	၂၀၀၀
၂၄။	တောင်လုံးမြောင် (လှည်းကူး)	၃၀၀
၂၅။	ရေဦးဆည်မြောင်းများပြန်လည် ထူထောင်ရေးစီမံကိန်း(ရေဦး/အရာတော်)	၁၂၀၀၀၀
၂၆။	တောင်နဝင်းရေထိန်းတမံ(ပေါက်ခေါင်း)	၄၅၀၀
၂၇။	တောင်ခရမ်း (ဂန့်ဂေါ)	၅၀၀၀
၂၈။	ဆင်ချောင်း (ရေစကြို)	၁၀၀၀
၂၉။	စမုံ (သာစည်)	၁၂၀၀၀
၃၀။	စွန်းလွန်း (မြင်းခြံ)	၂၅၀၀
၃၁။	ကင်းသာ (တပ်ကုန်း)	၂၀၀၀
၃၂။	ဝါးပါး (သထုံ)	၂၄၀၀
၃၃။	ကိုကိုးကျွန်း	ရေပေးဝေရေး
၃၄။	လိုင်ဗား (ဖလမ်း)	၅၀၀
၃၅။	မင်းရဲ (အုတ်တွင်း)	၂၀၀
၃၆။	ကျီးပင် (ပန်းတောင်း)	ရေပေးဝေရေး

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ☆

☆ စာမျက်နှာ ၉ ဆောင်းပါးမှအဆက်

၃၇။	မတောင့်တ (ပြည်)	၁၂၅၂၀
၃၈။	ဆိတ်ဖူးတောင် (တောင်ငူ)	၂၀၀၀
၃၉။	ကမ်းနီ (တောင်ငူ)	၂၀၀၀
၄၀။	တောင်ပင်လယ် (မြင်းခြံ)	၂၃၀၀
၄၁။	ချောင်းကောက် (ပျော်ဘွယ်)	၂၅၀၀
၄၂။	ဒိုးကွင်း (ပြင်ဦးလွင်)	၃၀၀
၄၃။	သက်တော် (သာစည်)	၂၅၀၀
၄၄။	ဘီးလင်း (ဘီးလင်း)	၃၀၀၀
၄၅။	ကြိုးကြာကွင်း (တောင်ကုတ်)	၁၅၀
၄၆။	ဘန့်ဘွေးကုန်း (ကျောက်တန်း)	၃၀၀
၄၇။	တဘူးလှ (တိုက်ကြီး)	၄၀၀၀
၄၈။	ငမိုးရိပ် (လှည်းကူး)	၇၀၀၀၀
၄၉။	နတ်မောက်ရေလှောင်ဆည် (နတ်မောက်)	၅၀၀
၅၀။	သာစည် (မုံရွာ)	၁၅၀၀
၅၁။	တဘူးလှ (တိုက်ကြီး)	၅၂၀၀၀
၅၂။	တောင်နဝင်း (ပေါက်ခေါင်း)	၆၂၅၀၀
၅၃။	မုန်းချောင်း (တပ်ကုန်း)	၄၈၅၀
၅၄။	ချောင်းကောက် (ပျော်ဘွယ်)	၁၁၅၀၀
၅၅။	နတ်မောက် (နတ်မောက်)	၃၆၀၀၀
၅၆။	ဇာမဏီအင်း (သန်လျင်)	၁၀၀၀
၅၇။	(၉၉)ကန် (ယင်းမာပင်)	၉၉၀၀
၅၈။	ယင်းဝါ (ကော့သောင်)	ရေပေးဝေရေး
၅၉။	စစ်တောင်းမြစ် (အုတ်တွင်း)	၇၀၀၀
၆၀။	ရေနီ (တပ်ကုန်း)	၄၂၀၀
၆၁။	ပန်းလှိုင် (ညောင်တုန်း)	၂၀၀၀၀
၆၂။	လဲဖြူ (ရမည်းသင်း)	၆၂၀၀
၆၃။	ရေဘုတ်ချောင်း (ရမည်းသင်း)	၄၅၀
၆၄။	တောင်ညို (နတ္တလင်း)	၅၀၀၀၀
၆၅။	မြင်းခြံမြစ်ရေတင် (မြင်းခြံ	၄၀၀၀
၆၆။	မြောက်ပင်လယ် (မြင်းခြံ)	၃၀၀၀
၆၇။	ရွှေနတ်တောင် (မော်လမြိုင်)	၄၀၀
၆၈။	ရွှေပြည်(၃) (ပဲခူး)	၁၂၅၀
၆၉။	ထန်းဇလုတ် (မုံရွာ)	၂၀၀၀
၇၀။	မြကန် (ညောင်ဦး)	၂၀၀
၇၁။	ဆင်တဲဝ (တောင်သာ)	၃၈၀၀
၇၂။	ကင်းတပ် (ကျွန်းလှ)	၁၅၀၀၀၀
၇၃။	ကမ်းသာယာ (ငွ)	၁၅၀
၇၄။	ဘန်းကုန်း (တောင်တွင်းကြီး)	၂၀၀၀
၇၅။	ဓောင်းတူ (ပဲခူး)	၃၆၂၅၀
၇၆။	ပသိ (တောင်ငူ)	၄၀၀၀
၇၇။	စွန်ကန် (တောင်သာ)	၄၇၀၃
၇၈။	စွန်ကန် (တောင်သာ)	၄၇၀၃
၇၉။	ယောချောင်းအမှတ်(၂) (ပေါက်)	၁၇၉၄
၈၀။	ဓောဂျီ (ရပ်စောက်)	၁၁၀၀၀၀
၈၁။	နန်ကသူရေလှောင်ဆည် (အင်္ဂပူ)	၁၀၀၀
၈၂။	မဲဇလီရေထိန်းတံခါး (ညောင်တုန်း)	၂၀၀၀၀
၈၃။	တောင်သာ (တောင်သာ)	၂၀၀၀
၈၄။	ဒေါ်တချ (ဘောလခဲ)	၁၀၀၀
၈၅။	မြောက်ယမား (ယင်းမာပင်)	၁၀၀၀
၈၆။	ငမြွေချောင်း (ဖြူး)	၅၀၀
၈၇။	ရေးသိုး (အုတ်တွင်း)	၂၀၀၀
၈၈။	ဟူးမွန် (လားရှိုး)	၈၄၃
၈၉။	ဆဒ္ဒန် (မြို့သစ်)	၁၀၀၀၀
၉၀။	ဇလပ်ထော် (ပဲခူး)	၂၀၀၀
၉၁။	ဝဲလောင် (တောင်သာ)	၂၀၀၀
၉၂။	ပင်းချောင်း (ကျောက်ပန်းတောင်း)	၅၀၀၀
၉၃။	မန်းချောင်း (ငဖဲ)	၄၇၅၀၀
၉၄။	ဆင်သေ (တပ်ကုန်း)	၃၂၄၀၀
၉၅။	ဘောနီ (ဒိုက်ဦး)	၆၀၀၀
၉၆။	ဝါးတောရေထိန်းတံခါး (မအူပင်)	၁၅၀၀၀
၉၇။	စည်သာရေလှောင်တမံ (ပြင်ဦးလွင်)	၂၅၀
၉၈။	မဇင်းရေလှောင်တမံ (ပဲခူး)	၆၅၀
၉၉။	သပြေရိုးရေလှောင်တမံ (ဝမ်းတွင်း)	၃၁၃၆
၁၀၀။	ငမင်ရေလှောင်တမံ (တောင်တွင်းကြီး)	၄၀၀၀
၁၀၁။	ဝဲကြီးရေလှောင်တမံ (ပေါင်းတည်)	၄၅၀၀၀
၁၀၂။	ဆင်သေရေလှောင်ဆည် (တပ်ကုန်း)	၃၂၄၀၀
၁၀၃။	ညောင်ကိုင်း (ပန်းတောင်း)	၃၀၀၀
၁၀၄။	ထနီးရေထိန်း (မအူပင်)	၁၅၀၀၀
၁၀၅။	တောင်ယမား (မြိုင်)	၇၀၀၀
၁၀၆။	ဓီးဖြူကုန်းရေထိန်းတံခါး (တွံတေး)	၇၅၀၀
၁၀၇။	ဓီးတော (နွားထိုးကြီး)	၄၀၀၀
၁၀၈။	ကံကြီးကုန်း (ပြည်)	၁၄၀၀

ဆောင်ရွက်ပြီး မြစ်ရေတင်လုပ်ငန်း၏ တိုင်းနှင့်ပြည်နယ်အလိုက် စာရင်းဇယားမှာ အောက်ပါအတိုင်းဖြစ်သည်

ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာနဆောင်ရွက်ပြီး မြစ်ရေတင်လုပ်ငန်းများ

စဉ်	ပြည်နယ်/ တိုင်း	လျှပ်စစ်ရေတင်		ဒီဇယ်ရေတင်		စုစုပေါင်း	
		ဦးရေ	ဧက	ဦးရေ	ဧက	ဦးရေ	ဧက
၁။	ကချင်			၂	၈၅၀	၂	၈၅၀
၂။	ကယား	၁	၃၀၀၀			၁	၃၀၀၀
၃။	ကရင်	၁	၁၅၀၀			၁	၁၅၀၀
၄။	စစ်ကိုင်း	၉	၃၂၀၂၀	၃၉	၃၅၈၅၈	၄၈	၆၇၈၇၈
၅။	တနင်္သာရီ			၂	၂၀၀	၂	၂၀၀
၆။	ပဲခူး	၂၀	၃၀၈၀၀	၃၅	၂၁၅၃၂	၅၅	၅၂၄၃၂
၇။	မကွေး	၁၆	၆၂၇၈၆	၂၈	၉၃၁၅	၄၄	၇၂၁၀၁
၈။	မန္တလေး	၁၆	၂၀၅၉၃	၅၄	၂၃၆၉၇	၇၀	၄၄၂၉၀
၉။	မွန်			၄	၁၄၀၀	၄	၁၄၀၀
၁၀။	ရခိုင်			၁	၄၀၀	၁	၄၀၀
၁၁။	ရန်ကုန်	၇	၂၁၀၀၀	၈	၁၄၃၀	၁၅	၂၂၄၃၀
၁၂။	ဧရာဝတီ	၁၃	၄၉၂၅	၉	၁၀၇၀၀	၂၂	၁၅၆၂၅
	စုစုပေါင်း	၈၃	၁၇၆၆၂၆	၁၈၂	၁၀၅၄၈၂	၂၆၅	၂၈၂၁၀၈

၁၀၉။	ရဟိုင်းကွင်းရေလှောင်တမံ (ငွ)	၁၅၀
၁၁၀။	ကွမ်းခြံကုန်း (ကွမ်းခြံကုန်း)	၂၁၄၀၀
၁၁၁။	သဲကောရေလှောင်တမံ (လက်ပံတန်း)	၁၂၀၀၀
၁၁၂။	သစ်တက်ကုန်း (မြစ်သား)	၅၀၀၀
၁၁၃။	ကြက်မောက်နှင့်လယ်တီရေထိန်းတမံ(မြိုင်)	၁၂၀၀
၁၁၄။	ပုန်းမကြည်ရေလှောင်တမံ (မလှိုင်)	၅၀၀
၁၁၅။	မြို့သာရေလှောင်တမံ (ငါန်းဇွန်)	၁၅၀၀
၁၁၆။	နန်ကသူရေလှောင်တမံ (အင်္ဂပူ)	၁၄၀၀၀
၁၁၇။	မိုးမခရေထိန်းတံခါး (တွံတေး)	၄၀၀၀၀
၁၁၈။	လေးတိုင်စင်ရေလှောင်တမံ (ရေနံချောင်း)	၁၀၀၀
၁၁၉။	ရန်ပယ်ရေလှောင်တမံ (တောင်တွင်းကြီး)	၁၀၀၀၀
၁၂၀။	ရှမ်းကိုင်းရေတံခါး (ဝေါ)	၂၅၀၀၀
၁၂၁။	သဖန်းဆိပ်ရေလှောင်တမံ (ကျွန်းလှ)	၅၀၀၀၀၀
၁၂၂။	ဝင်းဖနုံရေလှောင်တမံ (မုဒုံ)	၁၃၀၀၀
၁၂၃။	စွန်ချောင်းရေလှောင်တမံ (မြို့သစ်)	၇၀၀၀
၁၂၄။	ပုလင်းရေလှောင်တမံ (မြို့သစ်)	၂၀၀၀
၁၂၅။	စလင်းရေလှောင်တမံ (စလင်း)	၃၃၀၀၀
၁၂၆။	ကျောက်တစ်လုံးရေကူ ရေလှောင်တမံ (တောင်သာ)	၂၀၀၀
၁၂၇။	ဆွာချောင်းရေလှောင်တမံ (ရေတာရှည်)	၃၅၀၀၀
၁၂၈။	လဂွမ်းပြင်ရေလှောင်တမံ (လှည်းကူး)	၂၂၀၀၀
၁၂၉။	ကျေးပင်အက်ရေလှောင်တမံ (ကန့်ဘလူ)	၈၀၀၀
၁၃၀။	သုံးဆယ်ရေလှောင်တမံ (သာယာဝတီ)	၅၀၀၀၀
၁၃၁။	ပိုင်ကျုံရေထိန်းတံခါး (ကဝ)	၃၀၀၀၀
၁၃၂။	လှိုင်နန်းဖရေထိန်းတမံ (ဒီမောဆို)	၂၁၅၀
၁၃၃။	ဘော်ဘင်ရေလှောင်တမံ (ကြို့ပင်ကောက်)	၃၀၀၀၀
၁၃၄။	ကံတင်ဘီးလင်းရေလှောင်တမံ (ပဲခူး)	၂၅၀၀၀
၁၃၅။	ဘိုင်းဒါးရေလှောင်တမံ (ဒိုက်ဦး)	၄၆၇၀၀
၁၃၆။	ဇိုက္ကရဲရေလှောင်တမံ (သထုံ)	၂၀၀၀၀
၁၃၇။	နဂါးရေလှောင်တမံ (ရေနံချောင်း)	၁၀၀၀
၁၃၈။	ဖောင်းကတောရေလှောင်တမံ (ငါန်းဇွန်)	၂၀၀၀
၁၃၉။	ကျင်းသာရေလှောင်တမံ (မလှိုင်)	၅၀၀
၁၄၀။	ဟင်းရွက်ရေလှောင်တမံ (အမ်း)	ရေပေးဝေရေး
၁၄၁။	ဆင်လမ်းရေလှောင်တမံ (ပြင်ဦးလွင်)	၅၀၀
၁၄၂။	တာဝရေထိန်းတံခါး (သနပ်ပင်)	၃၂၀၀၀
၁၄၃။	အလိုင်နီရေလှောင်တမံ (ပဲခူး)	၁၀၀၀၀
၁၄၄။	ကလီထော် (လှည်းကူး)	၉၀၀၀
၁၄၅။	ကောလိယ (ဒိုက်ဦး)	၂၄၅၀၀
၁၄၆။	ဂမုန်းရေလှောင်တမံ (အုတ်ဖို)	၁၅၀၀၀
၁၄၇။	မင်းလှရေလှောင်တမံ (အုတ်ဖို)	၁၅၀၀၀
၁၄၈။	စိန်ပန်းမြိုင်ရေလှောင်တမံ (လှိုင်းဘွဲ့)	၁၀၀
၁၄၉။	ရန်အောင်မြင်ရေလှောင်တမံ (လယ်ဝေး)	၃၀၀၀
၁၅၀။	နတ်သားတောရေလှောင်တမံ (ငါန်းဇွန်)	၁၅၀၀
၁၅၁။	ချောင်းမကြီး(မြို့လှ)ရေလှောင်တမံ	၃၀၀၀
၁၅၂။	သင်ပုန်းရေလှောင်တမံ (မလှိုင်)	၇၆၃၆
၁၅၃။	ဘွက်ကြီးရေလှောင်တမံ (အောင်လံ)	၁၀၀၀၀
၁၅၄။	မဟူရာရေလှောင်တမံ (လှည်းကူး)	ရေပေးဝေရေး
၁၅၅။	လက်ပန်ရေလှောင်တမံ (မြင်းမူ)	၂၅၀၀

အင်တာဗျူးဂျာနယ် အမှတ်(၂၀၆) (၄)နှစ်ပြည့် အထူးထုတ် ဖြန့်ချိ

ရန်ကုန် ဒီဇင်ဘာ ၃၀

(၄)နှစ်ပြည့် အထူးထုတ်အဖြစ် စာမျက်နှာ လေးမျက်နှာတိုး၍ ထုတ်ဝေလိုက်သော အင်တာဗျူးဂျာနယ်တွင် အရှင်ဆန္ဒာဓိက (ရွှေပါရမီတောရ)၏ အနှိုင်းမဲ့ဘာဝနာ၊ မြန်မာဈေးကွက်မှာ တွင်ကျယ်နေတဲ့ ကော်ဖီမစ်များ သောက်သုံးခြင်း၏ အန္တရာယ်၊ မြန်မာဘုရင်တွေလက်ထက်မှာ ဆောင်တော်ကူးမှတ်တမ်း တကယ်ရှိမရှိ၊ ဆရာဒေဝ၏ ယတြာသည် လူတစ်ယောက်၏ ကံကြမ္မာ အဆိုးတွေကို မပယ်ဖျောက်နိုင်ပါဘူး၊ ဒါရိုက်တာ ပန်းချီစိုးမိုးနှင့် ခင်ဇာခြည်ကျော် အကယ်ဒမီရဖို့ သေချာနေပြီလား၊ မာဂျေ၏ တရုတ်သွားမြို့လား၊ လစ်ဗျားသမ္မတကဒါဖီ၏ လတ်လတ်ဆတ်ဆတ် အင်တာဗျူးတို့နှင့်အတူ၊ ဂျူး၊ ခင်မောင်ညို(ဘောဂဗေဒ)၊ ကိုကိုလှိုင်၊ ဒေါက်တာခင်မောင်ညို၊ ကိုကို (စက်မှုတက္ကသိုလ်)တို့၏ စာကောင်းပေမွန်များဖြင့် လေးနှစ်ပြည့် အင်တာဗျူး ဂျာနယ် အထူးထုတ်ကို ဒီဇင်ဘာ ၃၁ရက်တွင် ထုတ်ဝေဖြန့်ချိလိုက်သည်။

(အပေါ်ပုံ) (က-ပ)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၃၁-၁၂-၂၀၀၃ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓေ မဟာရဋ္ဌဂုရု၊ အဘိဓေ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋက ဓရ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**

၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့

၇:၃၀ ၃။ နံနက်ခင်းသတင်း

၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး

၇:၅၅ ၅။ မြူးမြူးကြွကြွယဉ်ကျေးမှုအက

၈:၁၀ ၆။ အဆိုပြိုင်ပွဲ

၈:၂၀ ၇။ ဘိုင်းဒါးတံတား

၈:၃၀ ၈။ International News.

၈:၄၅ ၉။ Learning English the Easy and Happy Way for Children and Beginners.

၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး

၄:၀၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ

၄:၂၀ ၃။ Demonstration Exercises for Correct Pronunciation.

၄:၃၀ ၄။ (၅၆)နှစ်မြောက်လွတ်လပ်ရေးနေ့ဂုဏ်ပြုအစီအစဉ်

၄:၄၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ် (ရက္ခဗေဒအထူးပြု) (ရက္ခဗေဒ)

၄:၅၀ ၆။ တေးဂီတအစီအစဉ်

၅:၀၀ ၇။ **၂၀၀၂ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုဆုပေးပွဲအခမ်းအနားကျင်းပပုံ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်**

၈:၀၀ ၈။ ပြည်တွင်းသတင်း

၉။ နိုင်ငံတကာသတင်းများ

၁၀။ မိုးလေဝသအခြေအနေ

၁၁။ လပတ်မိုးလေဝသနှင့်ဇလဗေဒ ခန့်မှန်းချက်

၁၂။ **မြန်မာရုပ်ရှင် "သူ့ကျွန်မခံပြီ" (အပိုင်း-၁) (ညွန့်ဝင်း၊နေအောင်၊ ကျော်သူ၊ ကျော်ရဲအောင်၊လွင်မိုး၊ မေသန်းနု၊စံရှားတင်၊ နန္ဒာလှိုင်) (ဒါရိုက်တာ-ကြည်စိုးထွန်း)**

၁၃။ နောက်တစ်နေ့အစီအစဉ်

၁၄။ အစီအစဉ်ပြီး၏။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဒီဇင်ဘာ ၂၉ ရက်က ကချင်ပြည်နယ် ဆွမ်ပရာဘွမ်မြို့ ဘန်ရှူခန်းမ၌ ခရိုင်နှင့်မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့်တွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)

▲ စာမျက်နှာ ၇ မှ

များသည် ပူတာအိုမြို့ ထေရဝါဒ ဗုဒ္ဓဘာသာ ဗဟိုသာသနာပြုကျောင်းသို့ သွားရောက်၍ ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဣန္ဒာစာရ အမှူးပြုသော ဆရာတော် သံဃာတော်တို့အား ပူဇော်ကန်တော့ကြပြီး လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူငွေများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ပူတာအိုမြို့ ကောင်ကတောင်ရပ်၊ ရာဇီကုန်း၌ ဟိုတယ်တည်ဆောက်နိုင်မည့် အခြေအနေကို ကြည့်ရှုကြသည်။

ဆွမ်ပရာဘွမ်မြို့ရောက်ရှိ

ဆက်လက်၍ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ပူတာအိုမြို့မှ တစ်ဆင့် မွန်းလွဲ ၁နာရီခွဲတွင် ဆွမ်ပရာဘွမ်မြို့သို့ ရဟတ်ယာဉ်များဖြင့် ရောက်ရှိကြရာ ပူတာအိုခရိုင်နှင့် ဆွမ်ပရာဘွမ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသား၊ တိုင်းရင်း သူများက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဆွမ်ပရာဘွမ်မြို့ ဘန်ရှူခန်းမ၌ ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံသည်။

ရှေးဦးစွာမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်ဇော်က ဆွမ်ပရာဘွမ်မြို့နယ်၏ တည်နေရာနှင့်အကျယ်အဝန်း၊ ရာသီဥတု အခြေအနေ၊ ရပ်ကွက်၊ ကျေးရွာအုပ်စု အိမ်ခြေ၊ အိမ်ထောင်စု၊ လူဦးရေ၊စပါး၊ ဆီထွက်သီးနှံနှင့် ပဲမျိုးစုံစိုက်ပျိုးမှု အခြေအနေ၊ ဝမ်းစာဖူလုံမှု အခြေအနေ၊ ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများ အခြေအနေနှင့် လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဌာနဆိုင်ရာ တာဝန်ရှိသူများက မိမိတို့ဌာနအလိုက် ဆောင်ရွက်နေသည့် လုပ်ငန်းများအခြေအနေနှင့် လုပ်ငန်းလိုအပ်ချက်များနှင့် စပ်လျဉ်း၍ ဖြည့်စွက် ရှင်းလင်းတင်ပြကြသည်။

အရောက်လာခဲ့

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဒေသဖွံ့ဖြိုးရေးအတွက် ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ လမ်းပန်းဆက်သွယ်ရေး လိုအပ်ချက်များကို ညှိနှိုင်းဆောင်ရွက်ပေးပြီး အမှာစကား ပြောကြားရာတွင် ဆွမ်ပရာဘွမ်မြို့ ဖွံ့ဖြိုးတိုးတက်ရေး အတွက် လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် မိမိနှင့်တကွ အစိုးရအဖွဲ့ဝင်ဝန်ကြီးများလိုက်ပါလျက် ရာသီဥတုခက်ခဲသည့်ကြားမှ ဆွမ်ပရာဘွမ်မြို့သို့ အရောက်လာခဲ့ခြင်း ဖြစ်ကြောင်း။

ဆွမ်ပရာဘွမ်မြို့သည် သာယာလှပသော တောင်ပေါ်မြို့ကလေးအဖြစ် မြန်မာပြည်တစ်လွှားတွင် ကျော်ကြားလှသည့် မြို့တစ်မြို့ဖြစ်ကြောင်း။

သို့ရာတွင် လမ်းပန်းဆက်သွယ်ရေး မကောင်းမွန်မှုကြောင့် ဖွံ့ဖြိုးတိုးတက်မှုတွင် နောက်ကျနေခဲ့ရာ ဒေသဖွံ့ဖြိုးရေး အတွက် လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်အောင် အဓိကထား ဖြည့်ဆည်းဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း။

နှစ်နှစ်အတွင်းအပြီး

ယခုခရီးစဉ်အတွင်း မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအို ကားလမ်းကို နှစ်နှစ်ကာလအတွင်းအပြီး အဆင့်မြှင့်တင် ဆောင်ရွက်ပေးသွားရန် စီစဉ်ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း။

ဒေသရှိ ကလေးငယ်များ၏ ပညာရေးအတွက်လည်း အထက်တန်းကျောင်းခွဲကို အထက်တန်းကျောင်း အဆင့် တိုးမြှင့်ပေးရန်နှင့် အခြေခံပညာ မူလတန်းကျောင်း နှစ်ကျောင်း တိုးချဲ့ဖွင့်လှစ်ပေးရန် စီစဉ်ပေးခဲ့ပြီး ဖြစ်ကြောင်း။

လက်ရှိ အထက်တန်းကျောင်း အဆောက်အအုံမှာ ယိုယွင်းနေပြီဖြစ်သဖြင့် အဆောက်အအုံသစ်တည်ဆောက်ပေးသွားရန်လည်း စီစဉ်ပေးခဲ့ပြီးဖြစ်ကြောင်း။

စံကိုက်ဖြည့်ဆည်းပေးရေး

လက်ရှိခုတင်(၅၀)ဆံ့ ဆွမ်ပရာဘွမ် ဆေးရုံးတွင်လည်း ဆေးရုံအဆောက်အဦးသစ်တည်ဆောက်ပေးလျက် ရှိနေသလို လိုအပ်သော ဆေးဝါးနှင့် ဆေးရုံသုံး ပစ္စည်းကိရိယာများ စံကိုက်ဖြစ်အောင် ဖြည့်ဆည်းပေးရေးညှိနှိုင်း စီစဉ်ပေးခဲ့ပြီးလည်းဖြစ်ကြောင်း။

ဒေသတွင် တာဝန်ထမ်းဆောင်နေကြသည့် ဌာနဆိုင်ရာဝန်ထမ်းများကလည်း ဝန်ထမ်းကျင့်ဝတ်နှင့် စည်းကမ်းများကို တိကျစွာလိုက်နာပြီး မိမိတို့ကျရာတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ကြရန် မှာကြားလိုကြောင်း။

အထက်အဖွဲ့အစည်း အဆင့်ဆင့်ကလည်း လမ်းပန်းဆက်သွယ်ရေး ခက်ခဲသည့်ဒေသများတွင် တာဝန်ထမ်းဆောင်နေကြသည့် မိမိတို့၏ ဝန်ထမ်းများအခြေအနေကို မျက်ခြည်မပြတ်စောင့်ကြည့်ပြီး လိုအပ်သည်များ ပံ့ပိုးပေးခြင်း၊ သက်သာချောင်ချိရေး အတွက် စီမံပေးခြင်း၊ အချိန်ကျရောက်ပါက စီမံချက်အတိုင်း ပြောင်းရွှေ့ပေးခြင်းများကို စနစ်တကျ စီမံဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

အကျိုးစီးပွားဖြစ်ထွန်းရေး

မြို့နယ်အဆင့်တွင် တာဝန်ထမ်းဆောင်နေကြသော နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ဒေသခံပြည်သူများ၏ အကျိုးစီးပွားဖြစ်ထွန်းစေရေးအတွက် မိမိတို့၏ လုပ်ငန်းတာဝန်များကို ပြည့်ပြည့်ဝဝ ကျေကျေပွန်ပွန် ဆောင်ရွက်ကြခြင်းအားဖြင့် ပြည်သူများ၏ ဘဝ ပြည့်စုံဖူလုံပြီး လူနေမှု အဆင့်အတန်း တိုးတက်မြင့်မားစေမှုနှင့်အတူ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ပိုမိုတိုးပွားခိုင်မာလာအောင် အထောက်အကူပြုရာလည်း ရောက်မှာဖြစ်ကြောင်း။

သို့ဖြစ်၍ ဌာနဆိုင်ရာဝန်ထမ်းများ အနေဖြင့် ပြည်သူများကို စည်းရုံးဦးဆောင်ပြီး မိမိတာဝန်ကျရာ ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရပ်မိရပ်ဖများ၊ ပြည်သူအများနှင့် စည်းလုံးညီညွတ်စွာဖြင့် ဒေသအကျိုး၊ ပြည်သူ့အကျိုးကို ဦးတည်လျက်ကြိုးပမ်းဆောင်ရွက်သွားကြရန် ပြောကြားသည်။

ပေးအပ်

ဆက်လက်၍ မြန်မာနိုင်ငံ ပညာရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဆွမ်ပရာဘွမ်မြို့ အခြေခံပညာ အထက်တန်းကျောင်းခွဲ အတွက် ကွန်ပျူတာတစ်စုံ၊ ရုပ်မြင်သံကြားစက်နှင့် ဗီဒီယိုပြစက်တို့ကို ကျောင်းအုပ်ဆရာကြီးအားလည်းကောင်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီက ဒေသခံပြည်သူများအတွက် လှူဒါန်းသည့် စောင်နှင့် အဝတ်အထည်များကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌအားလည်းကောင်း ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ဒေသခံပြည်သူများအတွက် ဆားနှင့်စားစရာပစ္စည်းများကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌအား ပေးအပ်သည်။

ယင်းနောက် ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေက ဆွမ်ပရာဘွမ် အခြေခံပညာအထက်တန်းကျောင်းခွဲအတွက် ကက်ဆက်၊ မိုက်ကရိုဖုန်းနှင့် အသံချဲ့စက်တို့ကို ကျောင်းအုပ်ကြီးအား ပေးအပ်ပြီး အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဒီဇင်ဘာ ၂၉ ရက်က ကချင်ပြည်နယ် ပူတာအိုမြို့ ဖုန်ကန်ရာဇီခန်းမ၌ ဒေသခံတိုင်းရင်းသား ခေါင်းဆောင်များအား နှစ်သစ်ကူးလက်ဆောင်များပေးအပ်စဉ်။ (သတင်းစဉ်)

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ဆွမ်ပရာဘွမ်မြို့ အခြေခံပညာ အထက်တန်းကျောင်းခွဲသို့ ရောက်ရှိကြပြီး မူလကျောင်း အဆောက်အအုံ၏ အခြေအနေကို လှည့်လည်ကြည့်ရှုကာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ကျောင်းအဆောက်အအုံသစ်ဆောက်လုပ်ရေး စီစဉ်ဆောင်ရွက်ပေးပြီး အခြေခံပညာအထက်တန်းကျောင်းအဆင့် တိုးမြှင့်ပေးခဲ့သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ဆွမ်ပရာဘွမ်မြို့ မြို့နယ်ပြည်သူ့ဆေးရုံသို့ရောက်ရှိကြပြီး ခုတင် ၅၀ ဆံ့ဆေးရုံ အဆောက်အအုံသစ်တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးကြသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ညနေပိုင်းတွင် မြစ်ကြီးနားမြို့သို့ ရောက်ရှိကြသည်။

ဆက်ကပ်လှူဒါန်း

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မြစ်ကြီးနာမြို့ရှိ ဓမ္မရက္ခိတဝန်းသိုကျောင်းတိုက်သို့ သွားရောက်၍ နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ သီလဝံသအမှူးပြုသောမြစ်ကြီးနားမြို့ပေါ်ရှိ ကျောင်းတိုက်များမှ ဆရာတော်ကြီးများအား ပူဇော်ကန်တော့ကြပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မြစ်ကြီးနားတက္ကသိုလ်သို့ ရောက်ရှိကြရာ ပါမောက္ခချုပ် ဦးသင်းလှိုင်နှင့် ပါမောက္ခ၊ ဌာနမှူးများ၊ ကထိက၊ လက်ထောက်ကထိကများနှင့် ဆရာ၊ ဆရာမများက ကြိုဆိုကြသည်။

ဖြည့်စွက်ရှင်းလင်း

ယင်းနောက် တက္ကသိုလ်ခန်းမ၌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်အား ပါမောက္ခချုပ် ဦးသင်းလှိုင်က မြစ်ကြီးနားတက္ကသိုလ်၏ သင်ကြားစီမံကိန်းရပ်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမျိုးညွန့်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က မြစ်ကြီးနားတက္ကသိုလ်၏ တည်ဆောက်ရေးလုပ်ငန်းများ၊ ဝန်ထမ်းရေးရာကိစ္စရပ်များကို စီစဉ်ဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့်နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မြစ်ကြီးနားမြို့ မလိခရိပ်သာသို့ ရောက်ရှိကြသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်အစည်းအဝေးကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၃၀

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီ အစည်းအဝေး(၁၂/၂၀၀၃)ကို ယနေ့မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ ကုန်သည်လမ်းရှိ စာပေဗိမာန် အဆောက်အအုံ ဒုတိယထပ်ရှိ အစည်းအဝေး ခန်းမဆောင်၌ ကျင်းပရာ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)နှင့် ဗဟိုအမှုဆောင်ကော်မတီဝင်များ တက်ရောက်ကြပြီး သဘာပတိအဖြစ် ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် တွဲဖက်အတွင်းရေးမှူး ဦးခင်ဆွေ(ရွှေစွန်ညို)က ဆောင်ရွက်သည်။

ရှေးဦးစွာ သဘာပတိက အမှာစကားပြောကြားပြီး အဖွဲ့အတွင်းရေးမှူး ဦးလှထွန်း(လှထွန်း-တွံတေး)က ဗဟိုအမှုဆောင်ကော်မတီ အစည်းအဝေး(၁၁/၂၀၀၃)၏ ဆုံးဖြတ်ချက်များ ဆောင်ရွက်ပြီးစီးမှုကို တင်ပြသည်။

ဆက်လက်၍ ရုံးအဖွဲ့၊ စည်းရုံးရေးလုပ်ငန်းအဖွဲ့၊ ဘဏ္ဍာရေးအဖွဲ့၊ စာအုပ်ထုတ်ဝေရေးနှင့် ဟောပြောဆွေးနွေးလေ့လာရေးလုပ်ငန်းအဖွဲ့၊ ရန်ပုံငွေရှာဖွေရေးလုပ်ငန်းအဖွဲ့၊ သက်သာချောင်ချိရေးလုပ်ငန်းအဖွဲ့၊ နိုင်ငံတကာဆက်သွယ်ရေးလုပ်ငန်းအဖွဲ့နှင့် စာပေရန်ပုံငွေကြီးကြပ်ရေးလုပ်ငန်းအဖွဲ့တို့၏ ခေါင်းဆောင်များက လုပ်ငန်းဆောင်ရွက်ထားမှုများကို တင်ပြကြပြီး တက်ရောက်လာကြသည့် ဗဟိုအမှုဆောင် ကော်မတီဝင်များက အကြံပြုဆွေးနွေးကြ၍ သဘာပတိက ၂၀၀၄ခုနှစ် ဖွန်လတွင် ကျင်းပရန်ရှိသည့် တတိယအကြိမ်ညီလာခံ ဗဟိုဦးစီးအစည်းအဝေးကို စနစ်တကျပြင်ဆင်ပြီး အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် နှိုးဆော်ကာ နိဂုံးချုပ်အမှာစကားပြောကြားသည်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ လက်ထက် မူးယစ်ဆေးဝါး ပပျောက်ရေး ကြိုးပမ်းဆောင်ရွက်ချက်များ

(၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အကြိုဂုဏ်ပြု ဓာတ်ပုံမှတ်တမ်း

မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါး ပပျောက်ရေးလုပ်ငန်းကို အမျိုးသားရေးတာဝန်အဖြစ် ခံယူကြိုးပမ်းဆောင်ရွက်နေသည်။ မူးယစ်ဆေးဝါးပပျောက်စေရေးအတွက် ၁၅ နှစ် စီမံကိန်းကို ငါးနှစ်စီခွဲခြား၍ ၁၉၉၉-၂၀၀၀ပြည့်နှစ်မှ စတင်ဆောင်ရွက်လျက်ရှိသည်။ ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းလားဒေသနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) လောက်ကိုင်ဒေသတို့ကို မူးယစ်ဆေးဝါး ကင်းမဲ့ဇုန်အဖြစ် ကြေညာခဲ့ပြီးဖြစ်သည်။

မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါးပပျောက်ရေး ကြိုးပမ်းဆောင်ရွက်ချက်များကို သိရှိလေ့လာနိုင်ရေးအတွက် မူးယစ်ဆေးဝါးပပျောက်ရေး အထိမ်းအမှတ်ပြတိုက်ကို ရန်ကုန်တိုင်း ကမာရွတ်မြို့နယ်တွင် ၂၆-၆-၂၀၀၁နေ့က ဖွင့်လှစ်ခဲ့သည်။

၁၉၉၀ ပြည့်နှစ်မှ ၂၀၀၃ ခုနှစ်အထိ ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများ မီးရှို့ဖျက်ဆီးမှု

အမျိုးအစား	အရေအတွက်
ဘိန်းဖြူ	၄၇၈၈.၈၆၀၅ ကီလို
စိတ်ကြွရူးသွပ်ဆေးပြား	၁၂၅၁၈၇၄၄၇ ပြား
အက်ဖီဒရင်း	၁၅၆၀၃.၃၁၉ ကီလို
ဆေးခြောက်	၆၁၂၉.၃၁၃ ကီလို
ဖင်ဆီဒိုင်းဆေးရည်	၃၂၀၉၄.၁၆၀၃ လီတာ
မော်ဖင်း	၈၆၈.၆၀၉ ကီလို
ဘိန်း	၃၂၂၀၆.၀၉၇၅ ကီလို
ဘိန်းဆီ	၂၀၈.၀၉၂ ကီလို
ဘိန်းရည်	၄၄၃.၈၉၄ ကီလို၊
	၃၆၉၄.၅၅ လီတာ
ဘိန်းပင်	၇၈၃၆ ဧက
ဘိန်းမျိုးစေ့	၁၆၅၉၈၈ ကီလို

မူးယစ်ဆေးဝါးပပျောက်ရေး အထိမ်းအမှတ်ပြတိုက်

စဉ်	နေရာ	ဖွင့်လှစ်သည့်နေ့
၁။	ရှမ်းပြည်နယ်(အရှေ့ပိုင်း) အထူးဒေသ(၄)မိုင်းလား	၂၂-၄-၁၉၉၇
၂။	ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၁) လောက်ကိုင်	၂၇-၁၂-၂၀၀၀
၃။	ရန်ကုန်တိုင်း ကမာရွတ်မြို့နယ်	၂၆-၆-၂၀၀၁

မူးယစ်ဆေးဝါးပပျောက်ရေး (၁၅)နှစ်စီမံကိန်း

စီမံကိန်းနှစ်	စီမံကိန်းကာလ	မြို့နယ်
ပထမ(၅)နှစ်	၁၉၉၉-၂၀၀၀ မှ ၂၀၀၃-၂၀၀၄ အထိ	၂၂
ဒုတိယ(၅)နှစ်	၂၀၀၄-၂၀၀၅ မှ ၂၀၀၈-၂၀၀၉ အထိ	၂၀
တတိယ(၅)နှစ်	၂၀၀၉-၂၀၁၀ မှ ၂၀၁၃-၂၀၁၄ အထိ	၉
	စုစုပေါင်း	၅၁

ဖမ်းဆီးရမိသော မူးယစ်ဆေးဝါးများကို ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် အောင်သပြေ ရဲရိပ်သာတွင် ၂၀၀၃ခုနှစ် ဇွန်လ ၂၆ရက်က မီးရှို့ဖျက်ဆီးစဉ်။

ဖမ်းဆီးရမိသော ဖင်ဆီဒိုင်းဆေးပုလင်းများကို လမ်းကြိတ်စက်ဖြင့်ကြိတ်၍ ဖျက်ဆီးနေစဉ်။

✡ ကျောဖုံးမှ

ပဲခူးမြို့နယ် အင်းတကော်စက်မှုနယ်မြေ၌ အမှတ်(၂) စက်မှုဝန်ကြီးဌာနက လယ်ယာသုံး စက်ပစ္စည်းစက်ရုံများ၊ မော်တော်ယာဉ်သုံး စက်ပစ္စည်းစက်ရုံများ၊ အလူမီနီယံ ဝါယာကြိုးစက်ရုံ၊ ဘောဘယ်ယာရင်စက်ရုံများ တည်ဆောက်ပြီးစီးမှု၊ စက်ပစ္စည်းများ တပ်ဆင်ပြီးစီးမှု၊ စက်ရုံ၊ အလုပ်ရုံအလိုက် စက်ပစ္စည်းများထုတ်လုပ်မည့် အခြေအနေများ၊ နောင်တိုးချဲ့ဆောင်ရွက်မည့် စက်ရုံစီမံကိန်းများနှင့် ဝန်ထမ်းအင်အားဆိုင်ရာများ၊ အင်းတကော်စက်မှုနယ်မြေ စီမံလန်းစိုပြည်ရေး ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြသည်။

မှာကြား

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းက ဆွေးနွေးမှာကြားရာ၌ အမှတ်(၂)စက်မှုဝန်ကြီးဌာနက ယခုကဲ့သို့ အဆင့်မြင့်စက်ရုံများ ထူထောင်နိုင်ခြင်းဖြင့် နိုင်ငံတော်၏ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုကို ပိုမိုအရှိန်အဟုန်ရရှိစေပါကြောင်း။

နိုင်ငံတော်ပိုင် စက်မှုကဏ္ဍသာမက ပုဂ္ဂလိက စက်မှုကဏ္ဍပါ အရှိန်အဟုန်ဖြင့် တိုးတက်ရန် အလေးထား ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုအခါ နိုင်ငံတော်က စီစဉ်ဆောင်ရွက်ပေးသော လေ့လာမှုအစီအစဉ်အရ ပုဂ္ဂလိကစက်မှုဇုန်များမှ လုပ်ငန်းရှင်များသည် နိုင်ငံပိုင်စက်ရုံများကို စနစ်တကျ လိုက်လံလေ့လာလျက်ရှိကြကြောင်း။

လေ့လာမှုအစီအစဉ် ပြီးဆုံးသည့်အခါ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံပိုင် စက်ရုံများနှင့် စက်မှုဇုန်များ အကြား အပြန်အလှန်ဆက်စပ်ပူးပေါင်းဆောင်ရွက်ရေးတို့အတွက် အလုပ်ရုံဆွေးနွေးပွဲများကို ဆက်လက်ပြုလုပ်သွားမှာဖြစ်၍ အဓိပ္ပာယ်ပြည့်ဝသော ရလဒ်ကောင်းများ ပေါ်ထွက်လာမှာဖြစ်ကြောင်း။

အထောက်အကူပြု

စက်မှုဇုန်တာဝန်ခံများ ဖြစ်သည့် သက်ဆိုင်ရာ ဝန်ကြီး၊ ဒုတိယဝန်ကြီးများက စက်မှုဇုန်အလိုက် ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားရုံသာမက အဆင့်ဆင့် ဖွဲ့စည်းထားသော စက်မှုဆိုင်ရာ ကော်မတီများကလည်း ပိုမိုညှိနှိုင်း ဆက်စပ်အထောက်အကူပြုနိုင်ရန် လိုကြောင်း။

အထူးသဖြင့် အမှတ်(၂) စက်မှုဝန်ကြီးဌာနသည် နိုင်ငံတော်ကို စက်မှုနိုင်ငံတော်အဖြစ် ထူထောင်ရာ၌ အဓိကတာဝန်ယူရမည့် ဝန်ကြီးဌာနဖြစ်သည့်အလျောက် ပုဂ္ဂလိကစက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးဆောင်ဦးရွက်ပြု၍ လိုအပ်သည်များကို ပံ့ပိုးကူညီစောင့်ရှောက်သွားရမှာဖြစ်ကြောင်း။

ယခုအခါ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သော စီးပွားရေး၊ လူမှုရေးနှင့် လမ်းပန်းဆက်သွယ်ရေးဆိုင်ရာ အခြေခံအဆောက်အအုံများကို ပြည့်စုံလုနီးပါးထူထောင်ပြီးဖြစ်၍ စက်မှုကဏ္ဍ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်ရန် လိုအပ်နေပြီဖြစ်ကြောင်း။

အားထည့်လုပ်ကိုင်

ထို့ကြောင့် မိမိတို့ တာဝန်ရှိသူများရော၊ ပုဂ္ဂလိက စက်မှုလုပ်ငန်းရှင်များကပါ ၂၀၀၄-၂၀၀၅ ခုနှစ်ကို စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်စတင် မြင့်တင်သည့်နှစ်ဟု သတ်မှတ်ခံယူပြီး ဝိုင်းဝန်းအားထည့်လုပ်ကိုင်ဆောင်ရွက်ကြရန် ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ထို့နောက် လက်တွန်းထွန်စက် အင်ဂျင်စက်ရုံဖွင့်ပွဲ အခမ်းအနားကို လက်တွန်းထွန်စက် အင်ဂျင်စက်ရုံရှေ့၌ ကျင်းပရာ လက်တွန်းထွန်စက် အင်ဂျင်စက်ရုံ၊ သံရည်ကျို အလုပ်ရုံနှင့် ဘောဘယ်ယာရင် အလုပ်ရုံတို့၏ ကမ္ပည်းမော်ကွန်းကို စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ယင်းနောက် အမှတ်(၂) စက်မှုဝန်ကြီးဌာန မြန်မာ့စက်မှုလုပ်ငန်းများ စီမံကိန်းညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်နှင့် China National Complete Plant Export & Import Corporation Group (Complant)ဌာနေ ကိုယ်စားလှယ် Mr. Liu Xiao Nan တို့က စက်ရုံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် စက်ရုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် လက်တွန်းထွန်စက် အင်ဂျင်နမူနာနှင့် အင်ဂျင်၏ စက်ပစ္စည်းအစိတ်အပိုင်းများ ပြသထားမှုများ၊ ရော(၁) လက်တွန်း ထွန်စက်များနှင့် ထွန်စက်ငယ်တို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ လက်တွန်းထွန်စက် အင်ဂျင်စက်ရုံ၏ လုပ်ငန်းအလိုက် စက်ပစ္စည်းများ ထုတ်လုပ်မှုအခြေအနေများ၊ Machining Centre Room၏ လုပ်ငန်းများ၊ Engine Assembly Line ၏ လုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ရှင်းလင်းပြသ

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် လက်တွန်းထွန်စက် အင်ဂျင်စက် စမ်းသပ်မှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးရာ ဝန်ကြီး ဗိုလ်ချုပ်စောလွင်နှင့် တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

ဆက်လက်၍ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် စက်ရုံ၏ မာရှိန်ပြောင်း အလုပ်ရုံ (Heat Treatment Shop) လုပ်ငန်းများကိုလည်း ကြည့်ရှုစစ်ဆေးကြသည်။

လက်တွန်းထွန်စက် အင်ဂျင်စက်ရုံက မြင်းကောင်ရေ ၁၈ကောင်ရှိ လက်တွန်း ထွန်စက်အင်ဂျင် တစ်နှစ်အလုံး ၃၀၀၀နှင့် လက်တွန်းထွန်စက် တစ်နှစ် အစီး၃၀၀၀ ထုတ်လုပ်သွားမည်ဖြစ်သည်။

ဖွင့်လှစ်ပေး

ထို့နောက် သံရည်ကျိုအလုပ်ရုံ ဖွင့်ပွဲကို အဆိုပါအလုပ်ရုံရှေ့၌ ကျင်းပရာ မြန်မာ့မော်တော်ယာဉ်နှင့် ဒီဇယ်အင်ဂျင် ထုတ်လုပ်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးသိမ်းနှင့် Angelique International Limited ဒုတိယဥက္ကဋ္ဌ (Vice President) Mr. M. P. Gupta တို့က အလုပ်ရုံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး အလုပ်ရုံဆိုင်းဘုတ်ကို အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် သံရည်ကျိုအလုပ်ရုံ လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ဘောဘယ်ယာရင် အလုပ်ရုံဖွင့်ပွဲကို အဆိုပါ အလုပ်ရုံ၌ ကျင်းပရာ ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးသိမ်းနှင့် Vice President Mr. M. P. Gupta တို့က အလုပ်ရုံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက အလုပ်ရုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး ဘောဘယ်ယာရင် နမူနာများ၊ အလုပ်ရုံ၏ စက်ပစ္စည်းများ၊ ဘောဘယ်ယာရင်ထုတ်လုပ်ခြင်း လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကြသည်။

စက်ရုံ/အလုပ်ရုံ ဖွင့်ပွဲများအပြီးတွင် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းနှင့်အဖွဲ့ဝင်များသည် အင်းတကော်စက်မှုနယ်မြေရှိ အလူမီနီယံ ဝါယာကြိုး (Aluminium Conductor Steel Reinforced Cable) အလုပ်ရုံ တည်ဆောက်ရေး လုပ်ငန်းများ၊ အလုပ်ရုံတွင် စက်ပစ္စည်းများ တပ်ဆင်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

အမှတ်(၂) စက်မှုဝန်ကြီးဌာနသည် ပဲခူးမြို့နယ် အင်းတကော်ဒေသ၌ မြေဧက ၄၀၀ခန့်ရှိသော အင်းတကော်စက်မှုနယ်မြေအဖြစ် သတ်မှတ်ထူထောင်ပြီး စက်ရုံ၊ အလုပ်ရုံများကို တည်ဆောက်လျက်ရှိသည်။(သတင်းစဉ်)

စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း အင်းတကော်စက်မှုနယ်မြေရှိ အမှတ်(၂)စက်မှု ဝန်ကြီးဌာန၏ ဘောဘယ်ယာရင်အလုပ်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

အင်းတကော်စက်မှုနယ်မြေရှိ အမှတ်(၂) စက်မှုဝန်ကြီးဌာန၏ လက်တွန်းထွန်စက် အင်ဂျင်စက်ရုံကို မြန်မာ့စက်မှုလုပ်ငန်းများ စီမံကိန်းညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်နှင့် China National Complete Plant Export & Import Corporation Group (Complant) **ဌာနေကိုယ်စားလှယ်** Mr. Liu Xiao Nan **တို့က ဖဲကြိုးဖြတ်ဖွင့်ပေးကြစဉ်။** (သတင်းစဉ်)

လူငယ်သင်တန်းကျောင်းပေါင်းစုံ အားကစားပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနား ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၃၀

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန၏ လူငယ်သင်တန်းကျောင်းပေါင်းစုံ အားကစားပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ယနေ့နံနက် ၈နာရီတွင် ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် စလင်းအားကစားပြိုင်ကွင်း၌ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စိန်ထွား တက်ရောက်ကြည့်ရှုအားပေးပြီး ဆုရရှိသောအသင်းများအား ဆုများကို ချီးမြှင့်သည်။

အခမ်းအနားသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား၏ ဇနီး ဒေါ်ခင်အေး၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ အလှူရှင်များနှင့် သင်တန်းကျောင်းများမှ ကျောင်းသား၊ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အားကစားပြိုင်ပွဲ မစတင်မီ စမ်းချောင်းမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသူလေးများက ပန်းဖွားအကနှင့် ဘင်ခရာတီးဝိုင်းဖြင့် ဖျော်ဖြေကြပြီး ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲအဖြစ် ကျိုက်ဝိုင်း လူငယ်သင်တန်းကျောင်းအသင်းနှင့် ကမာစွဲလူငယ် ဖွံ့ဖြိုးရေးပရဟိတဂေဟာအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ကမာစွဲ လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာ အသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။

ထို့နောက် ဆုပေးပွဲအခမ်းအနားကို ကျင်းပရာ ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားက ဘောလုံးပြိုင်ပွဲ တတိယဆုရ ကမ္ဘာအေးလူငယ်သင်တန်းကျောင်း၊ ဒုတိယဆုရ ကျိုက်ဝိုင်းလူငယ်သင်တန်းကျောင်းနှင့် ပထမဆုရ ကမာစွဲ လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာအသင်းတို့အား လည်းကောင်း၊ အကောင်းဆုံး ဘောလုံးသမားဆုရ ကမာစွဲ လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာအသင်းမှ မောင်မျိုးအောင်အား လည်းကောင်း ဆုများကို ချီးမြှင့်သည်။

ဆက်လက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စိန်ထွား၏ ဇနီး ဒေါ်ခင်အေးက အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ၌ ဒုတိယဆုရ ရန်ကုန် အမျိုးသမီးကလေး သင်တန်းကျောင်းနှင့် ပထမဆုရ ရန်ကုန် အမျိုးသမီး ဖွံ့ဖြိုးတိုးတက်ရေးဌာန အသင်းတို့အား လည်းကောင်း၊ အကောင်းဆုံး ဘော်လီဘော အားကစားသမားဆုရ ရန်ကုန် အမျိုးသမီးကလေးသင်တန်းကျောင်းမှ မလှရီအား လည်းကောင်း ဆုများကို ချီးမြှင့်သည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း နှစ်ပတ်လည်ညီလာခံ(၂၀၀၃) ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၃၀

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း နှစ်ပတ်လည်ညီလာခံ(၂၀၀၃)ကို ဒီဇင်ဘာ ၂၇ရက် မွန်းလွဲ ၁နာရီခွဲတွင် ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေး အဆောက်အအုံ (MICT Park) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တက်ရောက်

ယင်းအခမ်းအနားသို့ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း နာယကများဖြစ်ကြသော စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်း၊ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဋ္ဌေး၊ တပ်မတော် နည်းပညာတက္ကသိုလ် ပါမောက္ခချုပ် ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့် နာယကအဖွဲ့ဝင်များ၊ အာဆီယံ အင်ဂျင်နီယာ အသင်းများအဖွဲ့ချုပ် ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ အင်ဂျင်နီယာ အသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာစိန်မြင့်နှင့် ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များ၊ မြန်မာနိုင်ငံ အင်ဂျင်နီယာ အသင်းသား၊ အသင်းသူများနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် သဘာပတိအဖြစ် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း နာယက သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်းက ဆောင်ရွက်ပြီး အဖွင့်အမှာစကား ပြောကြားသည်။

အတည်ပြု

ယင်းနောက် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာစိန်မြင့်က အမှာစကား ပြောကြားပြီး ဗဟိုအလုပ်အမှုဆောင်ကော်မတီ၏ အစီရင်ခံစာကို အထွေထွေအတွင်းရေးမှူး ဦးသန်းမြင့်ကလည်းကောင်း၊ ငွေစာရင်းရှင်းတမ်းကို ဘဏ္ဍာရေးမှူး ဒေါက်တာ ဒေါ်ခင်အေးဝင်းကလည်းကောင်း အသီးသီး ဖတ်ကြားတင်သွင်းကြကာ ညီလာခံမှ အတည်ပြုချက်ကို ရယူသည်။

ထို့နောက် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း သင်းဖွဲ့စည်းမျဉ်း၊သင်းဖွဲ့မှတ်တမ်းနှင့်ပတ်သက်၍ ပြင်ဆင်ချက်ကို အဆိုပြုတင်သွင်းခြင်း၊ ထောက်ခံခြင်း၊ အတည်ပြုခြင်းတို့ကို ဆောင်ရွက်သည်။

ဆက်လက်၍ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းမှ အသင်းသား အင်ဂျင်နီယာ ၁၂ဦးတို့အား အာဆီယံ အင်ဂျင်နီယာ မှတ်ပုံတင်လက်မှတ်များကို အာဆီယံ အင်ဂျင်နီယာအသင်းများ အဖွဲ့ချုပ်ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာစိန်မြင့်က ပေးအပ်သည်။ ယခုအခါ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းတွင် အာဆီယံ အင်ဂျင်နီယာ မှတ်ပုံတင်လက်မှတ်ရ အသင်းသား အင်ဂျင်နီယာ ၆၅ဦး ရှိသွားပြီ ဖြစ်ကြောင်း သိရသည်။

ထို့နောက် သဘာပတိ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းနာယက သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်းက နိဂုံးချုပ်အမှာစကား ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

နိုင်ငံခြားပညာသင် သိကောင်းစရာ ဟောပြောပွဲကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၃၀

နိုင်ငံခြားသို့ သွားရောက်ပညာဆည်းပူးလိုသူများအတွက် တက္ကသိုလ်၊ ကောလိပ်ဝင်ခွင့် သတ်မှတ်ပညာအရည်အချင်းများ၊ နိုင်ငံနှင့် တက္ကသိုလ်အလိုက် သင်တန်းကြေး ကန့်သတ်မှုများ၊ ပညာသင်ယူစဉ် အလုပ်လုပ်ကိုင်ခွင့် ရရှိပုံများအကြောင်း သိကောင်းစရာ ဟောပြောပွဲကို ၂၀၀၄ခုနှစ် ဇန်နဝါရီ ၃ရက် မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်း အာရှပလာဇာဟိုတယ်၌ ကျင်းပမည်ဖြစ်သည်။

Worldwide Education Management မှ ဒါရိုက်တာတစ်ဦးက ဟောပြောမည်ဖြစ်ရာ စိတ်ဝင်စားသူများသည် အမှတ်(၈၂) တတိယထပ် အနော်ရထာလမ်း ရန်ကုန်မြို့သို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၂၅၀၂၂၅ သို့ဖြစ်စေ ဆက်သွယ်နိုင်ပြီး ဟောပြောပွဲကို မည်သူမဆို အခမဲ့ တက်ရောက်နိုင်ကြောင်း သိရသည်။ (က-ပ)

အိုင်စီတီနှင့် တေးဂီတဖန်တီးမှု သင်တန်းများ တက်ရောက်နိုင်

ရန်ကုန် ဒီဇင်ဘာ ၃၀

ICT နည်းပညာဖြင့် အသက်မွေးဝမ်းကျောင်း ပြုလိုသူများ၊ Certificate in Business Environmentနှင့် ICTအခြေခံနည်းပညာများကို လေ့လာလိုသူများအတွက် Certificate in IT (ICT Level 1) Courseတို့ကိုလည်းကောင်း၊ ဂီတဖြင့် အသက်မွေးဝမ်းကျောင်း ပြုလိုသူများနှင့် ဂီတကို ဝါသနာကြီးသူများအတွက် Music Programming/ Sequencing/ DJ Effect & Musical Instrument Digital Interface၊ ကွန်ပျူတာဖြင့် တေးဂီတသံစဉ်များ ဖန်တီးခြင်းနှင့်တည်းဖြတ်ခြင်းသင်တန်းများကို Youth ကွန်ပျူတာစင်တာ၌ သင်ကြားပေးလျက်ရှိရာ Centre I အမှတ် ၃၀၇ ဒုတိယထပ် ကျိုက္ကဆံလမ်း တာမွေ ဖုန်း-၇၁၀၄၅၃ နှင့် Centre II အမှတ် ၁၁၈ မြေညီထပ် ၃၉လမ်း ကျောက်တံတားမြို့နယ် ဖုန်း-၃၇၆၄၁၈၊ Centre III တိုက် ၂၇ အခန်း ၄၀၃ (၂)လမ်း B Block ယုဇနဥယျာဉ်မြို့တော် ဖုန်း-၅၉၃၁၀၁ တို့သို့ ဆက်သွယ် တက်ရောက်နိုင်ကြောင်း သိရသည်။ (က-ပ)

AZ ဆိုင်းဘုတ်လုပ်ငန်း
☎ ၀၁-၃၈၀၅၉၉

New Year eve party

ချစ်ကောင်း၊ ဝရေဟမ်၊ မျိုးမျိုး၊ Acid၊ Rစာနည် ဖြိုးကြီး၊ ထူးအယ်လင်း၊ Big Bag၊ OKRA၊ ဟဲလေး၊ Too Big၊ Synergy၊ အောင်ကောင်းထက်၊ ဖြိုးငွေစိုး၊ ထွန်းအိန္ဒြာဗို၊ ယုဇန၊ No! ချစ်သူဝေ၊ ချစ်သုဝေ နှင့် ကင်းကောင်း၊ ကုသိုလ်၊ G RIDER

Luck Draw / Game အကယ်ဒမီပေးပွဲ Live Show

နေရာ - ယုဇနဂါးဒင်းဟိုတယ်
နေ့ရက် - ၃၁-၁၂-၂၀၀၃ (ဗုဒ္ဓဟူးနေ့)
အချိန် - ညနေ (၆)နာရီ

ဝင်ကြေး ၄၅၀၀ ကျပ်

ညနေ ၆း၀၀နာရီမှ ၇း၀၀ အတွင်းဝင်ကြေး (၃၅၀၀)ကျပ် (Pioneer မှ New Year Gift ပေးထားပြီး စာရင်းသွင်းထားသောကတ်များအခမဲ့ဝင်ခွင့်ပြုပါမည်။)

DJ BAYTAR, AK BO, EVER ☎-240995

MAA Professional Training Centre
Specilise in Business, Accounting & Finance
No MAA Registration fees Required
Equivalent Master Degree ACCA Professional Qualification (UK)
Equivalent Higher Diploma CAT Technician Qualification (UK)
STARTING DATE 3 JAN 2004
MAA (YANGON) 377, Shwebontha Ye Yeik Tha, Units 12 & 24, 1st Floor, Shwebontha Street, Pabedan. Ph: 250 501/2
MAA-AAT (MANDALAY) Room 21, 3rd Floor, ICT Park, Yadanarbon Zay, MANDALAY. Ph: 02-68412, 68433

မြန်မာ့ရုပ်ရှင်လုပ်ငန်း
၂၀၀၂-ခုနှစ်အတွက် အကယ်ဒမီရွေးချယ်ဆုပေးပွဲ

ကျင်းပမည့်နေရာ
အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ

ကျင်းပမည့်နေ့ရက်
၃၁-၁၂-၂၀၀၃ (ဗုဒ္ဓဟူးနေ့)

ကျင်းပမည့်အချိန်
ညနေ (၅း၃၀)နာရီ

VeVe မှ ပံ့ပိုး ကူညီသည်။

မြတ်သန္တာ
မြစ်တွင်းအပျော်စီးရေယာဉ်နှင့် ရေပေါ်စားသောက်ဆိုင်

* ၂၀၀၄ ခုနှစ် နှစ်သစ်ကို ဒီလိုကြိုမယ် *
ထွက်မည့်နေ့ - ၃၁-၁၂-၂၀၀၃ (ဗုဒ္ဓဟူးနေ့) / ထွက်မည့်အချိန် - ၃၁-၁၂-၂၀၀၃ ည ၁၁း၀၀ နာရီ
Buffet ... Excellent ... Welcome Drink ...

MAT Dr. Tin Latt ဦးစီးသင်ကြားသော
Management & Accountancy Training College
ACCA /CAT (May/June 2004 Exam)
MAT Mandalay Centre တွင် ACCA Part 2 အထိ ... Block Course ... Multi-media E-Learning System ဖြင့်သင်ကြား ပေးပါမည်။
Commencing Date-30.12.2003
Registration Closing Date – 10.1.2004
for 1.1,1.2 MAY CBT Exam (No Annual Fees)
Tel:01-242431,01-241713 (H.O)
02-64932 (Ko Zaw Win Hlaing)
ACCA 1.1, 1.2, 1.3, 2.1,2.2, 2.3, 2.6 နှင့် CAT Paper 9 ... Multimedia LCD Projector ... E-Learning System ဖြင့်သင်ကြား ပါမည်။
Yangon MAT-No.165,Shwebontha Street, Pabedan Tsp, Yangon
Mandalay Centre - Rm.No:4-2/4-3, New Century Resource Centre, 80th St., Between 34th & 35th St.

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၃၁-၁၂-၂၀၀၃ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇း၅၅ ၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
- ၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈း၁၅ ၁၀။ အပိတ်နှုတ်ဆက်စကား
- ၈း၁၆ ၁၁။ ပြီးပါပြီ။

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
- ၄း၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
- ၄း၂၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄း၃၀ ၆။ မျိုးချစ်တပ်မတော်
- ၄း၄၀ ၇။ ကျန်းမာခြင်းသည်နိုင်ငံ့ခွန်အား
- ၄း၅၀ ၈။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၅း၀၀ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်
  - (က) ဒုတိယနှစ်(ဒဿနိကဗေဒ)
  - (ခ) တတိယနှစ်(သမိုင်း)
- ၅း၃၀ ၁၀။ မြတ်နိုးကြစေအမျိုးသားအမွေ
- ၅း၄၅ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆း၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၃။ နိုင်ငံတကာသတင်း
- ၆း၂၀ ၁၄။ မိုးလေဝသသတင်း
- ၆း၂၅ ၁၅။ မြန်မာ့ရှုခင်း
- ၆း၄၀ ၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
- ၇း၀၀ ၁၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ညီအစ်မလေးဖော်" (အပိုင်း-၁၂)**
- ၈း၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
  - ၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
  - ၂၀။ လျှပ်တစ်ပြက်ရိုက်ချက်
  - ၂၁။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
  - ၂၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "သိုင်းမင်းသားလေးနှင့် ရွှေမင်းသမီး" (အပိုင်း-၁၄)**
  - ၂၃။ သင့်အတွက်မနက်ဖြန်
  - ၂၄။ အပိတ်နှုတ်ဆက်စကား
  - ၂၅။ ပြီးပါပြီ။

(၅၆) နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြု စံပြကျေးရွာ ရေဆင်းတံတားဖွင့်ပွဲကျင်းပ

ဘိုကလေး ဒီဇင်ဘာ ၁၆

(၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ဘိုကလေးမြို့နယ် ကမကလူစံပြကျေးရွာ တိုက်နယ်ဆေးရုံ ရေဆင်းတံတားဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁၆ ရက်က ကမကလူကျေးရွာ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစန်းဋ္ဌေးနှင့် ကျေးရွာလူမှုဖွံ့ဖြိုးရေးစီမံကိန်း ညှိနှိုင်းရေးမှူး ဦးအောင်ဘော်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တံတားဆောက်လုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးခင်မြင့်က တံတားဆောက်လုပ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

အဆိုပါ ရေဆင်းတံတားမှာ အလျားပေ ၃၀ နှင့် အနံ ၅ ပေရှိပြီး ကျေးရွာပြည်သူလူထု ပူးပေါင်းပါဝင်မှုဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

(မြို့နယ်ပြန်/ဆက်)

စားသုံးသူပြည်သူများ ကျန်းမာရေးနှင့် ညီညွတ်စေရန်အတွက် ကျောက်ပန်းတောင်းမြို့ မြို့မဈေးကြီးအတွင်းရှိ သား၊ ငါးအရောင်းဆိုင်များ ယင်လုံသံဆန်ခါဖြင့် ရောင်းချနေမှုကို ဒီဇင်ဘာ ၁၇ ရက်က ဦးစီးအရာရှိ ဒေါ်မြမြထွေး၊ ဒု–ဦးစီးမှူး(ဈေး) ဦးဝင်းမြတ်သိန်းနှင့် ဝန်ထမ်းများ ကွင်းဆင်းစစ်ဆေးကြစဉ်။

(မြို့နယ်စည်ပင်)

မြို့နယ်သတင်းများ

စည်ပင်သာယာရေးဦးစီးဌာန(ရုံးချုပ်)မှ ညွှန်ကြားရေးမှူး ဦးကျော်စန်းနှင့်အဖွဲ့ ညောင်တုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်ထားသော မြို့သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားမှုများ၊ မြို့အဝင်ဆိုင်းဘုတ်နှင့် မြက်ခင်းအလှ၊ ပန်းအလှစိုက်ပျိုးထားမှုများကို ဒီဇင်ဘာ ၁၇ ရက်က ကွင်းဆင်းစစ်ဆေးရာ ညောင်တုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသက်ပိုင်က ရှင်းလင်းတင်ပြစဉ်။ (၁၆၁)

ကျေးလက်ဖွံ့ဖြိုးရေး တံတားသစ် တည်ဆောက်

ကျောင်းကုန်း ဒီဇင်ဘာ ၂၄

ကျောင်းကုန်းမြို့နယ် ကိုင်းတာ–ကျီးတော–ပိန်းဂရက် ကျေးလက်လမ်းပေါ်ရှိ အလျား ၂၂ပေ၊ အကျယ် ၁၂ပေရှိ ဖွံ့ဖြိုးရေးအုတ်ခုံ သစ်သားတံတားသစ်တည်ဆောက်မှုလုပ်ငန်းကို ဒီဇင်ဘာ ၃ ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းနိုင်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်ဇော်ဝင်းတို့က အနီးကပ်ကွင်းဆင်းကြီးကြပ် ဆောင်ရွက်ပေးကြသည်။

အဆိုပါ တံတားသစ်ပြီးစီးပါက ကျောင်းကုန်းမြို့နယ်ရှိ ၁၄ရွာနှင့် ပန်းတနော်မြို့နယ်ရှိ ကျေးရွာများသို့ ကား၊ ထော်လာဂျီ၊ စက်ဘီး၊ ဆိုက်ကား၊ ဆိုင်ကယ်များဖြင့် အလွယ်တကူ သွားလာနိုင်မည်ဖြစ်သည်။

(၃၆၅)

လမ်း ၅၀ ဓမ္မာရုံ နေ့တရားစခန်းကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၃၀

ဗိုလ်တထောင်မြို့နယ် အမှတ်(၅) ရပ်ကွက် လမ်း (၅၀) (အောက်လမ်းသွယ်)ရှိ ဓမ္မိကဓမ္မာရုံ၌ အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်းအချိန်ပိုင်း နေ့တရားစခန်းကို ဇန်နဝါရီ ၃ ရက်မှ ၇ ရက်ထိ နေ့စဉ် မွန်းလွဲ ၁၂ နာရီခွဲမှ ညနေ ၄ နာရီခွဲထိ ကျင်းပမည်ဖြစ်ရာ မိုးကုတ်ဝိပဿနာအဖွဲ့ချုပ် ဓမ္မကထိက ဆရာကြီး ဦးစိန်ဝက ပဋိစ္စသမုပ္ပါဒ် တရားတော်များကို ဟောကြားပြသမည်ဖြစ်သည်။ တရားအားထုတ်လိုသူ ယောဂီများသည် နေ့စဉ် မွန်းလွဲ ၁၂ နာရီခွဲ အရောက် လာရောက်ကြရန် နှိုးဆော်ထားကြောင်း သိရသည်။ (က–ပ)

မြိုင်ဆရာတော်တရားပွဲ

ရန်ကုန် ဒီဇင်ဘာ ၃၀

ဖြူးဆရာတော် ဘဒ္ဒန္တနရပတိ (ဓမ္မကထိက ဗဟုဇနဟိတဓရ)၏ တပည့် မြိုင်ဆရာတော် အရှင်ပညာဇောတ (ဓမ္မာစရိယ၊ နယ်လှည့်ဓမ္မကထိက) သည် ရန်ကုန်တိုင်း ဒေါပုံမြို့နယ် ဗမာအေးရပ်ကွက် ဓမ္မသီတဂူ အေးရွာကျောင်းတိုက်အတွင်းရှိ ပြည်လုံးချမ်းသာ ဆုတောင်းပြည့် အေးစေတီတော်မြတ်ကြီး၏ ရင်ပြင်တော် ဓမ္မသဘင်တွင် ဇန်နဝါရီ ၁ ရက် ညနေ ၅ နာရီမှစ၍ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်သည်။ (က–ပ)

လှိုင်ကော်မြို့၌ ကုန်စည်ပြပွဲကျင်းပမည်



ရန်ကုန် ဒီဇင်ဘာ ၃၀

ကယားပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ ခွင့်ပြုချက်၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ပံ့ပိုးမှု၊ သမဝါယမ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံး၏ ကူညီမှုဖြင့် ရန်ကုန်တိုင်း ရွှေခြသေ့ သမဝါယမအသင်း လီမိတက်က ကုန်စည်ပြပွဲနှင့် ဈေးရောင်းပွဲတော်ကို လှိုင်ကော်မြို့ ပြည်နယ်အားကစားကွင်း၌ ၂၀၀၄ ခုနှစ် ဇန်နဝါရီ ၁၂ ရက်မှ ၁၆ ရက်အထိ ကျင်းပရန် ရန်ကုန်တိုင်း ရွှေခြသေ့ သမဝါယမအသင်း လီမိတက်က စီစဉ်ဆောင်ရွက်နေပြီဖြစ်သည်။

အထူးဈေးနှုန်းဖြင့်

